ကွင်းကြီးကျေးရွာ
မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကွင်းကြီးကျေးရွာ၊ မိုးညှင်းမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

# မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| အတိုကောက်စကားလုံးများ | ၄ |
| စကားချီး | ၅ |
| ကွင်းကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် | ၇ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | **၈** |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၈ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၀ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၀ |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေး နှင့် အာဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၃ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၈ |

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် | |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။
စက်တဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကွင်းကြီးကျေးရွာ
မိုးညှင်းမြို့နယ်

## ကွင်းကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှု့များအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရွှေဘိုမြစ်ကြီးနားကားလမ်းမကြီး၏ အနောက်ဘက် နှစ်မိုင်ခန့်ဝေးပြီး ရွာ၏ အနောက်ဘက်ငါးဖာလုံခန့်အကွာတွင် ကားလမ်းမကြီးမှ ခွဲထွက်ထားသော အင်ကြင်းကုန်းမှ အင်းတော်ကြီးသို့ ခွဲထွက်လမ်းရှိသည်။အရှေ့တောင်ဘက်တွင် လယ်မှီးကျေးရွာ၊တောင်ဘက်တွင် ကန်ကုန်းကြီးကျေးရွာနှင့် အနောက်ဘက် ၈ဖာလုံခန့်တွင် တောင်တန်းကြီးရှိသည်။အနောက်မြောက်ဘက်တွင် ဇီးကုန်းရွာ၊မြောက်ဘက်တွင်ကျော်တော်ကျေးရွာတို့ရှိသည်။ကားလမ်းမကြီးသို့ ကံကုန်းကြီး-လယ်မှီး ရွာချင်းဆက် ကျောက်ချောလမ်းဖြင့် ဆက်သွယ်ထားသည့်အတွက် အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့် သွားလာဆက်သွယ်ရ အသင့်အတင့်လွယ်ကူသည်။ရွာ၏အလယ်တွင် အနောက် တောင်တန်းမှ စီးဆင်းလာသော တောင်ကျချောင်းလေးစီးဆင်းလျက်ရှိသည်။မြေပြင်အနေအထားမှာ မြေပြန့်မဟုတ်သော်လည်း အသင့်အတင့်ပြေပြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ ၆၀မှ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ကျေးရွာတည်ရှိရာသည် ပင်လယ်နှင့်ဝေးပြီး ကုန်းမြင့်ပိုင်းတွင်တည်ရှိသည့်အတွက် ဆားငန်ရေ ဝင်ရောက်မှုမှ ကင်းလွတ်သည်။လယ်ယာမြေများသည် စပါး၊ပဲ စိုက်ပျိုးထုတ်လုပ် ရန်နှင့်အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြ၍ မြေပြင်အနေအထား အတော်အသင့်ပြေပြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝ သယံဇာတများထွက်ရှိမှုမရှိပါ။ရွာ၏ မြောက်ဘက်ရှိ တောင်သူအချို့မှာ တောင်ကျချောင်း ဆည်ရေမှ လယ်မြေဧက ၅၀၀ ခန့် စိုက်ပျိုးကြပြီး မိုးမကောင်းလျှင်လုံလောက်မှုမရှိပါ။မြေအောက်ရေအသုံးပြုမှု နည်းပါးသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် စပါးဧက ၁၁၅၄ ဧကရှိပြီး ပဲ၊ပိနှင့်မြေပဲကို ဧက ၃၀၀ခန့်သာ စိုက်ပျိုးနိုင်သည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၁၁)စုနှင့်ကျား(၅၉၃)၊မ(၆၃၅)ဦးဖြင့် လူဦးရေပေါင်း(၁၂၂၈)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅)ဦးထက် များနေသည်။ကျေးရွာတွင် ရှမ်းနီလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည့် ကျေးရွာလူဦးရေပေါင်း၏ ၆၂%ခန့်ရှိပြီး လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာလူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁.၈%ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန် အားဖြင့်လျော့နည်းသည်။ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၅၈%သည် ဆင်းရဲ နှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် ခံယူကြပြီး ၁၁% သည်ချမ်းသာသည့်အဆင့်

၃၁% သည် အလယ်အလတ်ရှိကြသည်ဟုသတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီမှု လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် မိုးအသင့်အတင့်ကောင်းမှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင် မှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ် သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ပန်းရံ၊ဆန်ကြိတ်စက် စသော အိမ်တွင်းမှုလုပ်ငန်း အပြင် သယ်ယူပို့ဆောင်ရေးနှင့် တောတောင်မှ တနိုင်တပိုင် သစ်လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြ သည်။ ငွေချေးသော အိမ်ထောင်စု အချို့နှင့်အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့် အတင့် အဆင်ပြေကြသည်။

ကျေးရွာတွင် ဆင်းရဲအဆင့်သည် ဒုတိယအများဆုံးဖြစ်ပြီး မြေယာအနည်းငယ် ပိုင်ဆိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါ ဝင်သည်။မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ ၃၇%ရှိပြီး ဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်သည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာအနည်းငယ် ပိုင်ဆိုင်သော အိမ်ထောင်စုနှင့်မြေယာမဲ့ အိမ်ထောင်စုများ များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း ၊ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊ဟင်းသီး ဟင်းရွက်ရောင်း၊ဆန်ကြိတ်စက်၊တနိုင်တပိုင် မွေးမြူရေးလုပ်ငန်း၊တောတောင်မှ သစ်လုပ်ငန်းများ တွင် အလုပ်အကိုင်ရှာဖွေနိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀% ဖြစ်သော(၃၇၂)စုကို လေ့လာဆန်းစစ်မှုအရ ၎င်းတို့၏ ၆၀% မှာ သူတပါးထံမှ မချေးငှားဘဲ သုံးလခန့် စားသုံးနိုင်ကြသည်။၃၅% မှာ ၃ လမှ၆လခန့် ၅ % မှာ ၆လမှ၁၂လခန့် သူတပါးထံမှ ချေးငှားစရာ မလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့ သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ ၁သိန်းကျပ်မှ၁၅သိန်းကျပ်အထိတင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၂% သည် အမျိုးသမီး ဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ဆင်းရဲ ၍ မိသားစုဦးရေများပြားကြသည်။ဆင်းရဲ၍ မိသားစုများသည့် မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စု (၁)စု မှာလည်း ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း ကျား ၂ဦး၊မ၁ဦးနှင့်သက်ကြီးရွယ်အို များ ရှိကြသော်လည်း မိသားစု စောင့်ရှောက်မှု အားကောင်းသည်။ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေ ရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့် ကူးစက် တတ်သည့်ရောဂါများ ၊အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု အန္တာရာယ်တို့ရှိတတ်သည်။

အဝေးပြေးကားလမ်းမကြီးနှင့်အနည်းငယ်ဝေးသော်လည်း ကားသမားများ၊ဆိုင်ကယ်များ မဆင်မခြင် မောင်းနှင်မှုကြောင့် ရွာသားတချို့ တခါတရံ မတော်တဆမှုဖြစ်ပွားတတ်ပြီး ထိခိုက် ဒဏ်ရာရရှိမှုများရှိတတ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ

ပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်းကျန်းမာကြသည်။သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ကလေးငယ်များ၌ ပိုမိုဖြစ်ပွားကြောင်းတွေ့ရသည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေး အသိမြင်များ အသင့်အတင့်ရှိကြသည်။ကျေးရွာသားများအနေဖြင့် သာမာန်အဖျားအနာကျန်းမာရေးစောင့်ရှောက်မှု များကို ကျေးရွာတွင်းရရှိနိုင်သည်။ရွာတွင်း၌ ဆေးဝါးကျွမ်းကျင်ဆရာမများအနည်းငယ်ရှိသည်။

ရွာမှ (၇)မိုင်ကွာဝေးသော တိုက်နယ်ဆေးရုံ၊ရွာမှ(၁၈)မိုင် ကွာဝေးသော မြို့နယ် ဆေးရုံများ၌လည်းတက်ရောက် ကုသကြသည်။ယင်းဆေးရုံများနှင့်ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သောကြောင့် လက်လှမ်းမီမှု အနေအထားတွင်ရှိသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊မော်တာသုံး တုံကင်များမှ မြေပြင်မှ ရေကို အလွယ်တကူ ရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျော၊တိုက်ဖွိုက်၊အစာအိမ်ရောင် စသော ရောဂါများဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင် ပညာရေး အဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားသည်။ဘွဲ့ရ မိန်းကလေးအရေအတွက်ပိုများသည်။ကျေးရွာတွင် စာမတတ်သည့် လူကြီးသူမများရှိသေးသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊အလယ်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။တချို့မှာ ဘွဲ့ရ ပညာတတ်ဖြစ်သော်လည်း မိရိုးဖလာလယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြသည်။

**(စ) ကျား/မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ရေးရာ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။အမျိုးသမီးအဖွဲ့အစည်းများသီးခြားမရှိ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့လည်းမရှိသေး။ မိန်းကလေးများအား အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိသလောက်နည်းပါးသည်။

ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်း အဆင့်၊အထက်တန်းအဆင့်များ၌ မိန်းကလေးအရေအတွက်သည် ယောက်ျားလေး အရေအတွက်ထက်များနေပြီး၊အလယ်တန်း အဆင့်၌ မူ မိန်းကလေး-ယောက်ျားလေးအရေအတွက်သည် အတူတူပင်ဖြစ်သည်။

နေ့တွက်လုပ်အားခ အနေဖြင့် အမျိုးသား၊အမျိုးသမီးအတူတူနီးပါးရရှိကြသည်။အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ကျား-မ တန်းတူ

ညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၁)ဖွဲ့သာ ထင်သာမြင်သာရှိပြီး လူမှုရေးဆိုင်ရာ အဖွဲ့အစည်း အားနည်းနေသေးသည်။ဖွဲ့စည်းထားသော အဖွဲ့အစည်းသည်လည်း သက်တမ်းမကြာ သေးသည့်အတွက် လှုပ်ရှားဆောင်ရွက်မှုအားနည်းနေသေးသည်။ကျေးရွာတွင် လူမှုအဖွဲ့အစည်းများ ထိရောက်စွာဖွဲ့စည်းပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးကိုသာ အဓိကထားစိုက်ပျိုးကြသည်။မိုးစပါးရိတ်သိမ်းပြီးချိန်များ၌ မြေပဲ များ၊ပဲပင်များ စိုက်ပျိုးမှုရှိသည်။မိုးစပါး စိုက်ဧက(၁၁၅၄)ရှိပြီး၊တောင်ယာအခင်း စိုက်ဧကမှာ (၁၁၃.၆၀)ဧက စိုက်ပျိုးကြသည်။ရေအခက်အခဲကြောင့် နွေစပါး စိုက်ပျိုးမှု မရှိသေးပါ။

မိုးစပါးပျှမ်းမျှ အထွက်နှုန်းမှာ( ၇၀ )တင်းရှိသည်။စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူများအတွက် အလုပ်သမားငှားရမ်းမှုအနေဖြင့် နေ့စားအလုပ်များကိုသာ အဓိကထားလာ ကြသည့်အတွက် အလုပ်သမား မလုံလောက်မှုများ ရင်ဆိုင်ရတတ်သည်။ကြီးကြီးမားမားတော့မရှိပါ။ မြေပဲ စိုက်ခင်းများမှာ အသင့်အတင့် ကောင်းမွန်သည်။ပဲစိုက်ခင်းများ၌ ကြွက် အန္တရာယ်များ အနည်း ငယ်ကြုံရတတ်သည်။

ကျေးရွာတွင် ဝက်မွေးသူ အိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၆၉ % ဝန်းကျင်သာရှိ ပြီး ဒေသထွက် ဝက်မျိုးများကိုသာ မွေးမြူကြသည်။ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၇၆ % ခန့်ရှိပြီး ဝယ်လိုအား အသင့်အတင့်ရှိသည်။ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများအနေဖြင့် ကြက်တုပ်ကွေးရောဂါအဖြစ်များသည်။

တိရိစ္ဆာန် ဝယ်လိုအားအနေဖြင့် ရွာသူ/သားအချင်းချင်း ဝယ်ယူမှုရှိသလို ပြင်ပမှ လာရောက် ဝယ်ယူမှုများလည်းရှိသည်။ဝက်၊ကြက် မွေးမြူမှုများရှိသော်လည်း စနစ်တကျ မွေးမြူမှု အားနည်း သည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများ မွေးမြူရေးလုပ်ငန်း တည်ထောင်၊တိုးချဲ့ဆောင်ရွက်ရန် အရင်းအနှီးငွေများ ခက်ခဲမှု ရှိကြသည်။ ရွာထဲ မှ မွေးမြူရေးအတွက် ချေးငွေပေးသူများမှာလည်း မရှိသလောက်ပင်။ကျေးရွာတွင် ငါးမွေးမြူရေး လုပ်ငန်းများရှိသော်လည်း စီးပွားဖြစ် စနစ်တကျ မွေးမြူကြခြင်းမရှိပါ။ မွေးမြူရန်မြေနေရာ များရှိသည့် အတွက် စနစ်တကျ မွေးမြူမှုရရှိရန် ဆောင်ရွက်သင့်သည်။

**(ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်များ၊ပန်းရံ၊ လက်သမားအလုပ်များ၊သယ်ယူပို့ဆောင်ရေးများ၊အိမ်ဈေးရောင်း၊အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြသည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်

မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် ကျောက်လုပ်ငန်း၊ရွှေလုပ်ငန်းများသို့ သွားရောက်လုပ်ကိုင်မှုများရှိသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေ မှာကျေးရွာ၏ အလားလာကောင်း တစ်ရပ်ဖြစ်သည်။အနီးအနား မြို့ပေါ်၌ အသက်မွေးဝမ်းကျောင်း သင်တန်း ဝန်ဆောင်မှု ပြုလုပ်မှု အားနည်းသေးသည်။ အပ်ချုပ်၊ဇာထိုး၊ပန်းထိုး၊ဆံပင်၊အလှပြင်၊မုန့် လုပ်နည်း၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်ရှော့ စသည်တို့သည် အသက်မွေး ဝမ်းကျောင်းသင်တန်းများဖြစ်သော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့်အထိ အတွေ့နည်းပါးကြသည်။

စိုက်ပျိုးရေးကိုသာ အဓိကထားသည့်အတွက် ငွေကြေးအဆင်ပြေသောသူများသည်လည်း အပ်ချုပ်စက်ပြင် စသော သင်တန်းများသို့ ပို့လွှတ် သင်ကြားစေမှု နည်းပါးသည်။အချို့လုပ်ငန်း အတွေ့အကြုံ ရှိသော်လည်း အရင်းအနှီးထုထောင်ရန် မတတ်နိုင်ခြင်းကြောင့် အကောင်အထည်ဖော်မှု အားနည်းနေသေးသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာများသုံးစွဲမှုများသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။မြေပဲ၊ပဲငပိ စိုက်ခင်းများအတွက်တော့ ဆေးသုံးစွဲမှု နည်းပါးသေးသည်။ကျေးရွာအတွင်းတွင်လည်း မြောင်းများစနစ်တကျ ပြုလုပ်မှု အားနည်းနေသေးသည်။စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ စွန့်ပစ်ရန် နေရာသတ်မှတ်ထားခြင်းမရှိသေးသည့်အတွက် ချောင်းထဲတွင်သာ အဓိကစွန့်ပစ်နေရသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ မိုးတွင်းအချိန်ဆိုလျှင်တော့ စွန့်ပစ်အမှိုက်များသည် ရေနှင့်အတူ မျောပါသွားတတ်သော်လည်း နွေရာသီဆို အမှိုက်များဖြင့် မြင်မကောင်းအောင်ဖြစ်နေတတ်သည်။

ရွာလယ်ချောင်းသည် တောင်ကျရေဖြစ်ခြင်းကြောင့် မိုးရာသီဆို ရေကြီးမှုများဖြစ်ပေါ်တတ်သည်။လေပြင်းမုန်တိုင်းများ တခါတရံကျရောက်မှုရှိသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာရှိ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောငွေကို တစ်နှစ် အတိုးနှုန်း ၅ ကျပ်တိုးဖြင့် တစ်ဧကလျှင် တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧကအတွက် ချေးယူနိုင်ကြသည်။အဖွဲ့လိုက်ငွေစုငွေချေးအစီအစဉ်ဖြင့် တစ်လ ၃ ကျပ်တိုးနှုန်းဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။သို့သော်လည်း အင်အားမကောင်းပါ။တချို့အိမ်ထောင်စုများမှ ရွာထဲမှ ငွေတိုးချေးစားသူများ မိတ်ဆွေ သို့မဟုတ် မိသားစုဝင်များထံမှ အတိုးနှုန်း တစ်လ ၅ကျပ်တိုးမှ၁၀ကျပ်တိုးဖြင့်ချေးယူကြသည်။ကျေးရွာတွင် သမဝါယမအသင်းများဖွဲ့စည်းထားခြင်းမရှိပါ။

ရွာသားအများစုသည် မိုးစပါး တစ်ခုတည်းကိုသာအဓိကအားထားသည့်အတွက် စားနပ်ရိက္ခာ ကျန်းမာရေး၊ပညာရေးတို့အတွက် ချေးငွေ အများအပြားလိုအပ်လျက်ရှိသည်။ထို့ကြောင့် ဘက်စုံအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန် လိုအပ်သည်။ကျေးရွာ၏ အကြွေးတင်ရှိမှု အနေ

အထားကို လေ့လာဆန်းစစ်ချက်အရ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးနီးပါးသည် အကြွေးယူ ထားကြသူများသည်။ထိုအိမ်ထောင်စုများ၏ ၈၀%သည် ငွေငါးသိန်းအောက် ၂၀%သည် ငါးသိန်း အထက်ချေးယူထားကြောင်းတွေ့ရှိရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းနှင့်အလယ်တန်းကို ၁၅၀ပေ၊၃၀ပေ၊၁၂ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံနှင့် အင်္ဂတေအခင်းကျောင်းတစ်ဆောင်နှင့် ၈၀ ပေ၊၃၀ပေ၊၁၂ ပေအရွယ်ရှိ သွပ်မိုးအုတ် နံရံကာနှင့်အင်္ဂတေအခင်း ကျောင်းတစ်ဆောင်၊ယာယီသွပ်မိုး၊ထရံကာ၊ကျောင်းဆောင်များတွင် သင်ကြားပေးသည်။ပျဉ်ထောင်၊သွပ်မိုး မူကြိုကျောင်းတစ်ဆောင်လည်း ရှိသေးသည်။

ရွာသားအားလုံးမှာ အရေးအဖတ် တတ်မြောက်သူများပြားပြီး ဘုန်းကြီးကျောင်း ပညာရေးကို လူဦးရေ၏ ၁.၇% မှာရရှိထားကြသည်။ယမန်နှစ်က အစိုးရစစ် မူလတန်း(စတုတ္ထတန်း) အောင်မြင်သူများပြားသည်။ကျောင်းတွင် ပရိဘောဂလုံလောက်မှု အသင့်အတင့်ရှိသည်။မူလတန်းပြ ဆရာ/မ(၆)ဦး၊အလယ်တန်းပြဆရာ/မ(၆)ဦးတို့ရှိကြသည်။ကျောင်းတွင် တပည့်ဆရာအချိုးသည် ၂၁:၁ ရှိသဖြင့် လုံလောက်မှုအင်အားရှိသည်ဟုပြောနိုင်သည်။မူလတန်းကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးမှုများရရှိခဲ့ပါသည်။

ကျေးရွာတွင် ဆောက်လုပ်ပြီးစီးထားပြီဖြစ်သော ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ တာဝန်ကျသည့် ဆရာမတော့ ရောက်မလာသေးပါ။လျှပ်စစ်မီးရသည့်အတွက် လိုအပ်သော ဆေးဝါး များကို သိုလှောင်ထားနိုင်ရန် အဆင်ပြေသည်။လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့် အတွက် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မြို့နှင့်လက်လှမ်းမီသည်။

သောက်ရေအတွက် လက်နှိပ်ရေတုံကင် အသုံးပြုမှု များပြားသည်။မော်တာသုံး ရေ တုံကင်များ အသုံးပြုမှုနည်းသေးသည်။ရေတွင်းများရှိသော်လည်း အသုံးပြုမှု နည်းပါးသွားပါသည်။ ယခုအချိန်မှာတော့ သောက်ရေသုံးရေအတွက်ပါ စိမ့်စမ်းရေကိုသာ အဓိကထားနေရသည်။

တခါတရံ မိုးရွာ၍ စိမ့်စမ်းရေ အဆင်မပြေမှသာ သောက်ရေအဖြစ် လက်နှိပ်တုံကင်မှ ရေကို အသုံးပြုကြသည်။မိုးကြီးလျှင် စိမ့်စမ်းရေသည် နောက်ကျိသည်။ကျန်သည့်အချိန်တွင်တော့ သောက်ရေအတွက်ပါအဆင်ပြေသည်။စိမ့်စမ်းရေသည် ရေမဆင်မခြင် သုံးစွဲသူများကြောင့် တချို့ နေရာတွေအတွက် တခါတရံ ရေမလုံလောက်မှုများရှိသည်။

ချမ်းသာသော အိမ်ထောင်စု အနည်းငယ်သာ အိမ်သာကျင်းနှင့် အိမ်သာကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ကျန်သော အိမ်ထောင်စုများ သာမန် သွပ်မိုး၊သက်ကယ်မိုး သွပ်ကာဖြင့်သာ အသုံးပြုမှုများသည်။တစ်ရွာလုံးနီးပါး အိမ်သာ အသုံးပြုမှု အသိပညာများ အသင့်အတင့်ရှိလာသည့် အတွက် ယင်ကြောင့် ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။စာသင်ကျောင်းတွင်လည်း ကျောင်း အိမ်သာ များစနစ်တကျ ဆောက်လုပ်ထားသည့်အတွက် ကျောင်းသူ/သားများအတွက်အသုံးပြုရန် လွယ်ကူ သည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေ အနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ကျေးရွာရှိ လူမှုရေး၊ဘာသာရေးလုပ်ငန်းများတွင်တော့ တက်ကြွစွာ ပါဝင်မှုရှိကြသည်။ လူငယ်အဖွဲ့အစည်း

အားနည်း နေသေးသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေး လုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

လူငယ်များအတွက် အားလပ်ချိန်များတွင် ဗဟုသုတတိုးပွားစေခြင်းမှာ စာကြည့်တိုက်များ ဖြစ်ပေါ်အောင် ဝိုင်းဝန်းလုပ်ဆောင်သင့်သည်။

**(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့်ဆက်သွယ်ရေး**

၂၀၁၄ ခုနှစ်က ပေ ၆၀၅၀ ရှိ ရွာချင်းဆက်လမ်း ကျောက်ချောလမ်းကို လမ်းတံတား ဆိုင်ရာမှ ခင်းပေးခဲ့သည်။ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများ၊ကားကြီးများကို မောင်းနှင်ကြသည်။ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော် ဆိုင်ကယ်၂၁၀၊စက်ဘီး(၆၁)စီး၊သုံးဘီးကား(၁)စီး၊ထော်လာဂျီ(၁၆)စီး၊ကား(၈)စီးတို့ကိုအသုံးပြုလျက် ရှိသည်။ ရွာတွင်းလမ်းသည် မိုးရာသီတွင် ပျက်စီးမှုများရှိသည်။ရွာချင်းဆက် ကျောက်ချော လမ်းသည် လည်းလမ်းဘေးမြောင်းများကောင်းမွန်မှုမရှိသောကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေသည်။ ရွာလယ် ချောင်းကူးတံတားကို ၂၀၁၄ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။အုတ်ခံ၊သစ်သားအခင်း တံတား အမျိုးဖြစ်သည်။ဘေးနှစ်ဖက်တံတား နားရွက်များ တပ်ဆင်ထားမှုမရှိ၊နားရွက်တပ်ပြုလုပ်ရန် လိုအပ် နေသေးသည်။ကားကြီးများ သွားလာ၍ မရသေးပါ။သွားလာ၍ အဆင်ပြေအောင် ကိုယ်ထူကိုယ်ထ စနစ်ဖြင့် သဲများ မြေကြီးများ ဘေးနှစ်ဘက်တွင် ဖို့ပြီး ပြုလုပ်ထားကြသည်။ ရွာတွင်းသို့ ကုမ္ပဏီကား ကြီးများ လာရောက်မှု၊ဖြတ်သန်းမှုရှိသဖြင့် သက်ဆိုင်ရာမှ အဆင်ပြေအောင် စီစဉ်ပေးဖို့ လိုအပ်မည် ထင်ပါသည်။ကားကြီးများ ဖြတ်သန်းမှုကြောင့် ရွာတွင်းလမ်းပျက်စီးမှုများ ရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀ ခုနှစ်မှစ၍ တပ်ဆင်အသုံးပြုကြသည်။ကျေးရွာရှိ % ခန့် သည် သွယ်တန်းအသုံးပြုနေကြပြီဖြစ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြား လူမှု ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး သတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ကျေးရွာတွင် စာကြည့်တိုက် မရှိသေးသည့်အတွက် လူငယ်များ ဟန်းဆက်၊ဖုန်းတွေနဲ့သာ အချိန်ကုန်နေကြသည်။ သတင်းစာ၊ ဂျာနယ်များ ဖတ်ရှုမှု အားနည်းသည်။ ဝယ်ယူရန်အခက်အခဲရှိသည်ကတစ်ကြောင်း၊ ငွေကြေးအခက်ခဲရှိသည်က တစ်ကြောင်းတို့ကြောင့် သတင်းစာ၊ ဂျာနယ်များနှင့် အလှမ်းဝေးသည်။ စလောင်းများအသုံးပြုမှု များလာသဖြင့် သတင်း အချက်အလက်များကိုတော့ အချိန်နှင့်တပြေးညီ သိရှိခွင့်ရကြသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ရွာသားများသည် စစ်တပ်၊ရဲစခန်းများသို့ အလွယ်တကူ ချိတ်ဆက်နိုင် သည်။ကျေးရွာတွင်းတွင်တော့ လုံခြုံရေးအဖွဲ့အဖြစ် သီးသန့်ဖွဲ့စည်းထားခြင်းမရှိပါ။ရာဇဝတ်မှုလည်း နည်းပါးသည့်အတွက် ကျေးရွာသည် အသင့်အတင့် အေးချမ်းမှုရှိသည်ဟု ဆိုနိုင်သည်။မူးယစ်ဆေး အန္တရာယ် တော့ရှိနေသေးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်း စသောလူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူပြုနေ သည်။

လူငယ်ပညာတတ်များ အသင့်အတင့်ရှိပြီး လူဦးရေ၏ ၆၂% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကိုတိုးတက် ကောင်းမွန်စေပါမည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများ အနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း နမ္မား၊မိုးညှင်းဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုး ပစ္စည်းများမှာ လက်ရှိ ပညာရေးအနေအထားအတွက် အနေအထားအသင့်အတင့် အဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် တောင်နှင့်နီးကပ်သော်လည်း မြေပြန့်များသည့်အတွက် မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာထွက်ကုန် များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။မိုးရေခံလယ်မြေများဖြစ်သည့် နွေစပါးစိုက်ပျိုးမှု မရှိသလောက်ပင်။ချောင်းများကို စနစ်တကျ တည်ဆောက်ပြုပြင်လျှင်တော့ နွေစပါးစိုက်ပျိုးနိုင်မည်။ မိုးညှင်း၊ဟိုပင်၊နမ္မား မြို့နယ်များသို့ ကတ္တရာလမ်းဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက် သွယ်ရေး ကောင်းမွန်လာသဖြင့် ကျေးရွာထွက် သီးနှံများကို အချိန်မှီတင်ပို့ ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် နွားနှင့်ဝက်၊ကြက်တို့သည် ဈေးကွက် အသင့်အတင့်ကောင်းမွန်သည်။သို့ဖြစ်၍ တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။သို့သော် မွေး/ကု ဦးစီးဌာန မှလိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြင့် ဆောင်ရွက်ပေးရန် လိုအပ်သည်။ ငါးကန် များတိုးချဲ့ရန် အခွင့်အလမ်းရှိသဖြင့် ငါးမွေးမြူရန် အဆင်ပြေနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နဲ့ အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ နေရာလွတ်များ ရှားပါးလာသဖြင့် လယ်သမားများအဖို့ အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။လယ်ယာမြေများသည် တစ်နှစ်ထက်တစ်နှစ် ဓါတ်မြေဩဇာများ အသုံးပြုမှုများလာသဖြင့် မြေဆီလွှာများအတွက် စိုးရိမ်ရမည့် အနေအထားတွင်ရှိနေသည်။စိုက်ပျိုးရေးနည်းပညာဗဟုသုတများရရှိရန်လိုအပ်နေသေးသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း တွင်တွင်ကျယ်ကျယ် မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း အတွက် ကုန်ကြမ်း အတတ်ပညာ၊အထိအတွေ့တို့အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊ နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပြင် အခြားလုပ်ငန်းလုပ်ကိုင်သူများကိုပါ ခွဲဝေချထားပေးမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ပြီးသူများမှ တဖန်ကျေးရွာတွင်းရှိ ရရှိထားသော နည်းပညာမျှဝေပြီး ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကိုရောက်နိုင်ရန် စီစဉ်ပေးမည်။ ထို့သင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်း

ကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်းခြံစည်းရိုးများကို ကောင်းမွန်အောင်ပြုလုပ်ပြီးကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက်ဆောင်ရွက်မည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး ကျောင်း လိုအပ်သည်များကို ဖြည့်စွက်ကာ ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထား ရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်လက်ရှိရောင်းချနေသော ကျေးရွာ(မနက်)ဈေးကို ပိုမို ကောင်းမွန်အောင်မြှင့်တင်ဆောင်ရွက်ကာ ကျေးရွာ၏ အခြေခံ အဆောက်အဦးများ တိုးတက် ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။

တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ ထိန်းသိမ်းရေး အတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကို လည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင် ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင် မြေပဲများ၊ပဲငပိများ အများဆုံး စိုက်ပျိုးကြသည်။စိုက်ပျိုးရေး အတွက် နည်းပညာ အသုံးပြုမှုများ အပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်လျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းအဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ် သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၄င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှု နည်းပညာ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိက တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထို့အဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဈေးကြီးတော့မရှိချေ။မနက်ကျရင် ကိုယ်ယာထွက် ဟင်းသီးဟင်းရွက်များနှင့် ပြင်ပမှ လာရောက်ရောင်းချသူ အဝတ်အထည်သည်များနှင့် တပိုင်တနိုင် ရောင်းချသော ဈေးတော့ ရှိသည်။မိုးလင်းပြီး မကြာမှီ ဈေးသိမ်းသည်။နေရာအတိအကျမရှိ၊ရွာကားလမ်းပေါ်တွင် ရောင်းချနေကြသည်။မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေသန့်ရှင်းရေးစနစ်နှင့်လမ်းတို့ စနစ်တကျ ပါဝင်သည့် ဈေးအဆောက်အဦးတစ်ခု တည်ဆောက်ပေးရန်ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ရွာလူဦးရေများပြားလာလျှင် မနက်ဈေးကလေးဟာလည်း တိုးတက်လာနိုင်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည်။ စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဗျူဟာမူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့်ဆောင်ရွက်ပါမည်။

**စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့် မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့် အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သောအဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း(Momitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ် စစ်ဆေးပါမည်။

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင်အကောင်အထည် ဖော်မည့်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိ ရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ် တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိက ယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာ အသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာ ကုန်ထုတ်လမ်း အဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ် ပါသည်။

**(ခ)ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင် သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။

ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါ မည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှု အကူအညီ များရယူရပါမည်။

**ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါ ခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက်ကန်တရိုက်များ

- စိုက်ပျိုးရေး၊မွေးမြူရေး စသည် သင်တန်းများအတွက်နည်းပညာ ဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)တွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

## ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ၊ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက် များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြား အေဂျင်စီထံ မှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေး အစည်း အဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။တစ်ရွာလုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ လည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက် သည်ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ ပေါ်ပေါက်လာပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်း စီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည်၊လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာန များ၊ဦးစီးဌာန များအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုး ဖြစ်ထွန်းမှုနှင့် အကျိုးနှင့်ငင်း စစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ကော်မတီ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း ၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။(၃)လပတ် ကုန်ဆုံးချိန်တိုင်း တွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ကျေးရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရ မည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။(၃)လပတ် ကြီးကြပ်စစ်ဆေး မှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

**လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတား များနှင့်ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေး ဗျူဟာနှင့်စီမံကိန်းများ

**ငွေကြေးဆိုင်ရာတိုးတက်မှု**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု( မူလ လျာထားချက်နှင့်နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့ရ သော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန်အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်(၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌ နှင့်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများ သို့

အစီရင်ခံစာပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ၂-၃မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ လိုအပ်သော အကူအသည်အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

**နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာက ဖိတ်ကြား အသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊သတင်း မီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည် သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်း ကိုလည်း ရရှိပါမည်။ဤ အကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှလိုအပ်မည်ဖြစ်သည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **၁။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ** | | | | | |
| | လမ်း၊တံတားများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရေး | ၁၀၀ | ၁ | ရွာတွင်းလမ်းများအားကောင်းမွန်အောင်ဆောင်ရွက်ရေး၊တံတားအဆင့်မြင့်အောင်ပြုလုပ်ရေး | |
| **၂။ လူငယ်ယဉ်ကျေးမှုနှင့်အားကစား** | | | | | |
| | မူးယစ်ကင်းစင်နယ်မြေ/ကျေးရွာဖြစ်ရေး | ၉၆ | ၂ | မြို့နယ်အား/ကာဝန်ကြီးများနှင့်ချိတ်ဆက်ခြင်း၊ပညာပေးဟောပြောခြင်း၊လူငယ်တွေအတွက် မူးယစ်ဆေးနဲ့ပြဿနာများကို အသိပညာရရှိအောင်ပြုလုပ်ခြင်း | |
| **၃။ ပညာရေး** | | | | | |
| | ကျေးရွာ၏စာသင်ကျောင်းအဆောက်အဦး၊ပရိဘောဂ၊သင်ထောက်ကူပစ္စည်းများပြည့်စုံအောင်ဆောင်ရွက်ရေး | ၉၂ | ၃ | ပညာရေးဝန်ကြီးဌာနနှင့်ချိတ်ဆက်၍ပညာရေးမှအစအားလုံးအဆင့်မြင့်အောင်ဆောင်ရွက်ရေး | – |
| **၄။ လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား** | | | | | |
| | လူငယ်စာကြည့်တိုက်ဖြစ်မြောက်ရေး | ၈၅ | ၄ | မြို့နယ်အား/ကာဝန်ကြီးများနှင့်ချိတ်ဆက်ခြင်း၊ပညာပေးဟောပြောခြင်း၊လူငယ်တွေအတွက် မူးယစ်ဆေးနဲ့ပြဿနာများကို အသိပညာရရှိအောင်ပြုလုပ်ခြင်း | |
| **၅။ ကျန်းမာရေး** | | | | | |
| | ကျန်းမာရေးပညာပေးသင်တန်းများ | ၆၆ | ၅ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းများ | |

| | | | | | |
|---|---|---|---|---|---|
| | ဖွင့်ပေးရေး | | | ရရှိရန်၊မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း၊<br>ယင်လုံအိမ်သာများဆောက်လုပ်ရန်တိုက်တွန်းခြင်း၊<br>ကျန်းမာရေးဟောပြောပွဲများပြုလုပ်ခြင်း | |
| **၆။ လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား** | | | | | |
| | ကောင်းမွန်သောကစားကွင်းဖြစ်<br>အောင်ဆောင်ရွက်ရေး | ၆၄ | ၆ | မြို့နယ်အား/ကာဝန်ကြီးများနှင့်ချိတ်ဆက်ခြင်း၊ပညာပေးဟော<br>ပြောခြင်း၊လူငယ်တွေအတွက် မူးယစ်ဆေးနဲ့ပြဿနာများကို အသိ<br>ပညာရရှိအောင်ပြုလုပ်ခြင်း | |
| **၇။ စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | ဆည်မြောင်းဌာနနှင့်ပူးပေါင်းချိတ်<br>ဆက်၍ရေရရှိအောင်ဆောင်ရွက်ရေး | ၆၃ | ၇ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်၍စိုက်ပျိုး<br>ရေးနည်းပညာရရှိအောင်ဆောင်ရွက်ရေး၊<br>စိုက်ပျိုးရေးသွင်းအားစုများဆက်သွယ်မှုရရှိရန်၊<br>မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း၊<br>စပါးအထွက်တိုးနည်းပညာသင်တန်း၊<br>ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ<br>နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| **၈။ စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | စိုက်ပျိုးရေးနည်းပညာတိုးတက်<br>အောင်ဆောင်ရွက်ရေး | ၅၄ | ၈ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်၍စိုက်ပျိုး<br>ရေးနည်းပညာရရှိအောင်ဆောင်ရွက်ရေး၊<br>စိုက်ပျိုးရေးသွင်းအားစုများဆက်သွယ်မှုရရှိရန်၊<br>မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း၊<br>စပါးအထွက်တိုးနည်းပညာသင်တန်း၊<br>ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ<br>နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |

| | | | | | |
|---|---|---|---|---|---|
| ၉။ ကျန်းမာရေးကဏ္ဍ | | | | | |
| | ကျေးလက်ကျန်းမာရေးဆိုင်ရာ အဆောက်အဦးအသုံးဆောင်နှင့် ဝန်ထမ်းရရှိအောင်တောင်းဆိုရေး | ၅၄ | ၉ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းများ ရရှိရန်၊မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း၊<br>ယင်လုံအိမ်သာများဆောက်လုပ်ရန်တိုက်တွန်းခြင်း၊<br>ကျန်းမာရေးဟောပြောပွဲများပြုလုပ်ခြင်း | |
| ၁၀။ အခြားဝင်ငွေရလုပ်ငန်းကဏ္ဍ | | | | | |
| | အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာအောင်ဆောင်ရွက်ရေး | ၅၂ | ၁၀ | အလုပ်အကိုင်ရှာဖွေရေးနည်းပညာသင်တန်းများနှင့်ဈေးကွက် ဆိုင်ရာနည်းပညာသင်တန်းပေးခြင်း | |
| ၁၁။ စိုက်ပျိုးရေးကဏ္ဍ | | | | | |
| | မျိုးကောင်းမျိုးသန့်စုပေါင်းဝယ်ယူနိုင်ရန်ဆောင်ရွက်ရေး | ၅၀ | ၁၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်၍စိုက်ပျိုး ရေးနည်းပညာရရှိအောင်ဆောင်ရွက်ရေး၊<br>စိုက်ပျိုးရေးသွင်းအားစုများဆက်သွယ်မှုရရှိရန်၊<br>မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း၊<br>စပါးအထွက်တိုးနည်းပညာသင်တန်း၊<br>ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| ၁၂။ မွေးမြူရေးကဏ္ဍ | | | | | |
| | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ရေး | ၅၀ | ၁၂ | ဈေးကွက်သဘောတရားနားလည်မှုစွမ်းရည်မြင့်တင်ရေး၊<br>ကုန်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်အားနားလည်မှု စွမ်းရည်မြင့်တင်ရေး၊ | |

| | | | | | |
|---|---|---|---|---|---|
| **၁၂။ မွေးမြူရေးကဏ္ဍ** | | | | | |
| | ခေတ်မီမွေးမြူရေးစနစ်များဖော်ဆောင်ခြင်း | ၂၈ | ၁၃ | ဈေးကွက်သဘောတရားနားလည်မှုစွမ်းရည်မြှင့်တင်ရေး၊ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်အားနားလည်မှု စွမ်းရည်မြှင့်တင်ရေး၊ | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ လမ်း၊တံတားများတိုးတက်ကောင်းမွန်လာစေရေး | ၁ | —— | —— | | | |
| ၂။ မူးယစ်ကင်းစင်ရေး | ၂ | —— | —— | —— | | |
| ၃။ စာသင်ကျောင်းအဆောက်အဦးများနှင့် ပညာရေးတိုးတက်ရေး | ၃ | —— | —— | —— | | |
| ၄။ လူငယ်/ကျေးရွာစာကြည့်တိုက်ဖြစ်ပေါ်လာစေရေး | ၄ | —— | —— | | | |
| ၅။ ကျန်းမာရေးပညာပေးသင်တန်းများဖွင့်ပေးရေး | ၅ | —— | —— | —— | | |
| ၆။ ကောင်းမွန်သောကစားကွင်းဖြစ်အောင် ဆောင်ရွက်ရေး | ၆ | | —— | —— | | |
| ၇။ ဆည်မြောင်းဌာနနှင့်ပူးပေါင်းချိတ်၍ရေရရှိရေးဆောင်ရွက်ရေး | ၇ | —— | —— | | | |
| ၈။ စိုက်ပျိုးရေးနည်းပညာတိုးတက်အောင် ဆောင်ရွက်ရေး | ၈ | —— | —— | | | |
| ၉။ ကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အဦး၊အသုံးအဆောင်နှင့်ဝန်ထမ်းများရရှိအောင် ဆောင်ရွက်ရေး | ၉ | —— | —— | | | |
| ၁၀။ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ရေး | ၁၀ | —— | —— | —— | —— | —— |
| ၁၁။ မျိုးကောင်းမျိုးသန့်ရရှိအောင်ဆောင်ရွက်ရေး | ၁၁ | —— | | | | |
| ၁၂။ တိရစ္ဆာန်မွေးမြူရေးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ရေး | ၁၂ | —— | —— | | | |
| ၁၃။ ခေတ်မီမွေးမြူရေးစနစ်များဖော်ဆောင်ရေး | ၁၃ | —— | —— | | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လမ်း၊တံတား တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ရေး | | | ✔ | | |
| ၂ | မူးယစ်ဆေးဝါးပပျောက်ရေး ကင်းစင်နယ်မြေဖြစ်ရေး | | | | ✔ | ✔ |
| ၃ | ကျေးရွာ၏ ပညာရေးအဆောက်အဦးပြည့်စုံအောင်ဆောင်ရွက်ရေး | | | ✔ | | |
| ၄ | ကျေးရွာစာကြည့်တိုက်ဖြစ်ပေါ်ရေး | | | | ✔ | |
| ၅ | ကျန်းမာရေးပညာပေးသင်တန်းများဖွင့်ပေးရေး | | ✔ | | | ✔ |
| ၆ | ကောင်းမွန်သောကစားကွင်းဖြစ်အောင်ဆောင်ရွက်ရေး | | | | ✔ | |
| ၇ | စိုက်ပျိုးရေ ရရှိအောင်ဆောင်ရွက်ရေး | | | ✔ | | |
| ၈ | စိုက်ပျိုးရေးနည်းပညာတိုးတက်အောင်ဆောင်ရွက်ရေး | | | | | ✔ |
| ၉ | ကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အဦးများတိုးတက်ကောင်းမွန် | | | ✔ | | ✔ |

| | | | | | | |
|---|---|---|---|---|---|---|
| | လာစေရေး | | | | | |
| ၁၀ | အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ရေး | | | | ✔ | |
| ၁၁ | မျိုးကောင်းမျိုးသန့်စုပေါင်းဝယ်ယူနိုင်ရေး | | ✔ | | | |
| ၁၂ | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှု ရရှိရေး | | | | ✔ | |
| ၁၃ | ခေတ်မှီမွေးမြူရေးစနစ်များဖော်ဆောင်ရေး | | ✔ | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃)  ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### ၁၀.၄  ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

### ၁၁။  စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်;ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမ ယင်းအခြေခံ သတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကို တည်ဆောက်ရ ပါမည်။

ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၁ | ၁၁ | ၂၂ | ၂% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၅၁ | ၅၁ | ၁၀၂ | ၈% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၄၉ | ၅၄ | ၁၀၃ | ၈% |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၈၆ | ၈၇ | ၁၇၃ | ၁၄% |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၇၂ | ၃၈၅ | ၇၅၂ | ၆၂% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၄၇ | ၇၁ | ၆၃% |
| **စုစုပေါင်း လူဦးရေ-** | | **၅၉၃** | **၆၃၅** | **၁၂၂၈** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု - ၂၁၁** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၆ဦး** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူဦးရေ ဆိုင်ရာအချက်အလက်အနေဖြင့် အလုပ်လုပ်နိုင်သည့် အရွယ်များပြားသည်။စိုက်ပျိုးရေး ရာသီပြီးလျှင် အလုပ်အကိုင်ရှားပါးသည်။သက်ကြီးရွယ်အိုများတွင် အမျိုးသမီးဦးရေများပြားသည်။မိသားစုစောင့်ရှောက်မှုရှိကြသည်။ကျောင်းနေအရွယ် ကလေးများပြား သော်လည်း သူတို့အတွက် အားလပ်ချိန် အပန်းဖြေစရာနေရာမရှိ၊စာသင်ကျောင်းထဲတွင်တော့ရှိသည်။ သီးခြားနေရာ ကန့်သတ်ထားခြင်းမရှိပါ။

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| **၁** | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၂၅% | ၅ | | လယ်ယာစိုက်ပျိုးရေး |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ အငှား ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အစိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | ၇ | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၉ | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ အငှား ရာသီအလိုက် အလုပ်သမား | | | | ၃ | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၈ | | | ၇ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | ၂၁၁ | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဝင်ငွေရ လုပ်ငန်းအမျိုးအစားမှာ လယ်ယာကိုသာ အဓိကထားသည့်အတွက် လယ်ယာမြေ၊အခင်းများကိုသာ အဓိကဝင်ငွေအဖြစ် သတ်မှတ်နိုင်သည်။ လယ်သမား၊ပန်းရံ အလုပ်ဖြင့် အသက်မွေးသူ အနည်းငယ်သာရှိသည်။တခြားဝင်ငွေရ အလုပ်လုပ်ကိုင် သူနည်းသည်။တပိုင်တနိုင် ဈေးဆိုင်များဖွင့်ထားသည်များရှိသည်။ဆိုင်ကယ်ဝပ်ရှော့များ ကြီးကြီးမားမား မရှိသေးပါ။တိရစ္ဆာန်မွေးမြူရေးအနေဖြင့် ဝက်၊ကြက်များကိုသာ မွေးမြူကြသည်။တပိုင်တနိုင်သာ။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ လုပ်ငန်းလုပ်အားခအနေဖြင့် လယ်ယာလုပ်ငန်း အဓိကထားသည့်အတွက် နေ့စား တစ်ရက်ဝင်ငွေမှာ ကျား/မ ခွဲခြားမှုသိပ်မရှိ၊ကျေးရွာတွင် ကျန်သည့်လုပ်ငန်းသိပ်မရှိ၊လယ်ယာလုပ်ငန်းကိုသာ အဓိကထားနေရသည်။နေ့စားအလုပ်အနေဖြင့် ပျိုးနုတ်၊စပါးရိတ်၊ကောက်စိုက်၊ပဲပေါင်း

ထိုးလောက်သာရှိသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)** |
|---|---|---|---|---|
| လယ်မြေ | ၁၁၅၄ | သင့် | အနည်းအကျဉ်း | ဆည်/၅၀၀ |
| ယာမြေ /တောင်ယာ | ၁၁၃ | သင့် | အနည်းအကျဉ်း | စိမ့်စမ်းရေသွယ်၅၀ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၂၁၅ | သင့် | မရ | |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၂ | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၁၂၇၁** | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအနေဖြင့် လယ်ယာမြေပိုင်ဆိုင်မှုများသည်။တောင်ယာလုပ်ငန်းလုပ်ကိုင်သူများရှိသည်။အိမ်ခြံဝင်း စိုက်ခင်းအနေဖြင့် တနိုင်တပိုင်သာများသည်။မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိသည်။မိုးရေခံများသည်။ဆည်ရေ အလုံအလောက်မရှိ၊မိုးရေခံများသည့်အတွက် နွေစပါးစိုက်ပျိုးမှုမရှိသလောက် နည်းပါးသည်။စားကျက်မြေ သီးခြားကန့်သတ်ထားခြင်းမရှိ၊နှစ်ရှည်သီးနှံစိုက်ခင်းအနေဖြင့် ရော်ဘာစိုက်ခင်းအနည်းငယ်ရှိပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)** |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | နည်း | ခက် |
| **အခြားသဘာဝရင်းမြစ်** | | |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သဘာဝအရင်းအမြစ် ရရှိနိုင်မှုအနေဖြင့် ခါတ်ငွေ့၊ရေနံ ရရှိနိုင်မှု မရှိ သလောက်ပင်၊အခြားအရင်းအမြစ်များအနေဖြင့် ရွှေလုပ်ငန်းများ တနိုင်တပိုင်လုပ်ဆောင်မှုရှိသည့် အတွက် နည်းပါးသည်။တောင်ပေါ်တက်လုပ်ရသည်။သဘာဝ တိရစ္ဆာန် မျိုးစိတ်အနေဖြင့် ရှားပါးသည်။ သဘာဝအပင်များအနေဖြင့် နွားစာများမှာ ကောက်ရိုး၊မြက်များအလွယ်တကူရရှိနိုင်သည်။ဆေးဘက် ဝင်အပင်များအနေဖြင့် ရရှိနိုင်မှု အသင့်အတင့်ရှိသည်။တောင်ပေါ်တက်လျှင်တွေ့နိုင်သည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၂ဧကအထက် | ၁၀ဧကအောက် | ၅ဧကအောက် | ပိုင်ဆိုင်မှုမရှိ |
| အိမ်အခြေအနေ | အုတ်တိုက် | ပျဉ်ခင်း | ထရံကာ/သွပ်မိုး | သက်ကယ်မိုး၊ထရံကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ခြွေလှေ့၊လှည်း | လက်တွန်း၊လှည်း၊ ခြွေလှေ့ | လှည်း | သက်ကယ်မိုး၊ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ် | ဆိုင်ကယ် | စက်ဘီး၊ ဆိုင်ကယ် | စက်ဘီး၊ ဆိုင်ကယ် |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ယာ | လယ်ယာ၊ ကုန်ရောင်း | လယ်ယာ၊ ကျပန်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | အပ်ချုပ်စက် | | | |
| **အိမ်ထောင်စု - ၂၁၁** | **၂၃(၁၁%)** | **၆၅(၃၁%)** | **၆၃(၃၀%)** | **၅၇(၂၇%)** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဥစ္စာဓန အဆင့်အခြေအနေအရ အဆင်ပြေသော အိမ်ထောင်စုများနှင့် အလယ် လတ် အိမ်ထောင်စုများမှာ သိပ်ကွာခြားမှု မရှိလှ၊အိမ်အခြေအနေမှာ တူညီတာများသည်။အုတ်တိုက်အိမ် အနည်း ငယ်သာရှိသည်။တချို့လယ်ယာမရှိပေမယ့် ခြွေလှေ့စက်ထောင်ပြီး အငှားလိုက်စားတာရှိသည်။လယ်ယာပိုင်၊

လယ်ယာသုံး ပစ္စည်းပိုင်ဆိုင်မှုအနေဖြင့်အဆင်ပြေသော အိမ်ထောင်စုနှင့်အလယ်အလတ် အိမ်ထောင်စုမှာတူညီတာများသည်။ဆင်းရဲသော အိမ်ထောင်စုများတွင်လည်း လက်တွန်းထွန်စက်များရှိသေးသည်။အခြားပိုင်ဆိုင်မှုအနေဖြင့်လည်း အပ်ချုပ်စက်ကလွဲ၍တူညီတာများသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂၂ | ၆၀% | အတိုးနှုန်းသက်သာစွာဖြင့်ငွေချေးပေးခြင်းများ ဆောင်ရွက်ရမည်။ |
| ၃ လနှင့် ၅ လ အထိ | ၁၃ | ၃၅% | အတိုးနှုန်းသက်သာစွာဖြင့်ငွေချေးပေးခြင်းများ ဆောင်ရွက်ရမည်။ |
| ၆လ မှ ၁၂ လ အထိ | ၂ | ၅ | အပိုကုန်ကျမှုများနည်းပါးအောင်ဆောင်ရွက်ရန် |

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ချေးငှားခြင်းမရှိဘဲ အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စု များပြားသည်။ ယင်းအိမ်ထောင်စုများသည်ပညာရေးတွင်လည်း အသုံးပြုမှုများရှိသည်။အခြား အစားအစာ ပြောင်းလဲစားသောက်ခြင်းမရှိ၊ချေးယူခြင်းဖြင့်သာ အဆင့်ပြေအောင် နေထိုင်ကြရသည်။စားဝတ်နေရေးအတွက် အထောက်အပံ့အဖွဲ့အစည်းများမရှိ။ချေးယူသည့် နေရာမှာလည်း စပါး အတိုးယူမှုများသည်။ငွေကြေး ချေးယူမှုနည်းပါးသည်။ ငွေပမာဏအနေဖြင့် အနည်းဆုံး ၅၀၀၀၀မှ ၁၅သိန်းထိရှိကြသည်။အစိုးရဘဏ်များမှ ချေးယူမှု မရှိသလောက်၊ရင်းနှီးသောသူများထံမှ ချေးယူမှုများသည်။

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင် မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများမရှိ၊မိသားစု

များကသာ အဓိက စောင့်ရှောက်ကြသည်။မသန်စွမ်းသော ပုဂ္ဂိုလ်များရှိသော်လည်း မိသားစု စောင့်ရှောက်မှုရှိသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | အသင့်အတင့်ရှိသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | အသင့်အတင့်ရှိသည်။ |
| ၃ | ရေကြီးခြင်း | လတ် | တောင်ချချောင်းဖြစ်၍ရေကြီးမှုရှိသည်။ |
| ၄ | မိုးခေါင်ခြင်း | | |
| ၅ | အအေးလွန်ကဲခြင်း | | |
| ၆ | မုန်တိုင်း | | |
| ၇ | လျှော | | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | လတ် | |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုအားဖြင့်အသင့်အတင့်ရှိသည်။ချေးငှားစား သောက်သူများသည်။သဘာဝရင်းမြစ်အနေဖြင့် အသင့်အတင့်ရှိသည်။ရွာလယ်ချောင်းမှာ မိုးတွင်းအချိန် ရေကြီးမှုများကြုံရတတ်သည်။မီးလောင်မှုမှာ စိုးရိမ်မှုအဖြစ်နည်းပါးသည်။မြေဆီလွှာ ပျက်ယွင်းမှုမှာ

ဓာတ်မြေဩဇာများအသုံးပြုမှုများလာသည်။သစ်တောပြုန်းတီးမှုများလာသည်။ငှက်များအဖြစ်နည်းပါးသည်။လူကုန်ကူးခြင်းမှာ အဖြစ်နည်းသည်။ကျေးရွာတွင် လောလောဆည် မရှိသလောက်ပင်။လမ်းပန်းဆက်သွယ်မှု အသင့်အတင့်ရှိသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | |
| ၁၁ | လူနည်းစုလူမျိုးများ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | | |
| ၁၄ | ရွှေတွင်းလုပ်သား | လတ် | လူငယ်တွေအသွားများသည်။ |
| ၁၅ | ဆေးစွဲသူများ | လတ် | အသင့်အတင့်ရှိသည်။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | နေရပ်ပြန် အခြေချသူများ | | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | လတ် | |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူငယ်များ အတွက်ထိခိုက်သက်ရောက်မှုမှာ မူးယစ်ဆေးဝါး အဓိကဖြစ်သည်။ကျန်သာကတော့ သိပ်မရှိလှ၊ကျပန်း အလုပ်သမား အသင့်အတင့်ရှိသည်။လယ်ယာ လုပ်ငန်းပြီးချိန်၌ နေ့စားအလုပ်ဖြင့် ရွှေလုပ်သွားကြသည်။လူငယ်များရှိကြသည်။ဆေးစွဲသူများ ယခင်က လောက်မများတော့၊ကူးစက်ရောဂါရနိုင်ခြေရှိသောသူများမှာ နည်းပါးသည်။ရွာတွင်းဈေးတွင်သာ ရောင်းချသူများသည်။လှည့်လှည်သွား၍ ဈေးရောင်းသူများ နည်းပါးလှသည်။ကားသမားတွေများသည်။ အိမ်ပိုင်ကားမောင်းသူတွေသာများသည်။လယ်ယာကဏ္ဍာအတွက်သာ

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ပန်းသခင်၁/၂ | ၂ | - | ၁၂ | ၁၂ | လိုအပ်ရာ အတွက် | ၄ | ၇ |
| ၂ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်းအားနည်းနေသေးသည်။ကိုယ်ထူကိုယ်ထ တပိုင်တနိုင် အဖွဲ့အစည်းများတော့ရှိသည်။ကျေးရွာအတွက် ထိရောက်သည့် အဖွဲ့အစည်းလိုအပ်နေသေးသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

### (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၆ | ၄၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၄ | ၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၃၄ | ၁၆ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၅၇ | ၂၇ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၃၀ | ၁၄ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၁၁** | **၁၀၀%** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်သူများသည်။မြေယာပိုင်ဆိုင်သူများသည် လည်း အတိုးများ ယူထားရသဖြင့်ကြပ်တည်းကြသည်။ပြေပြေလည်လည်ရှိသောမြေယာပိုင်အိမ်ထောင် စု နည်းပါးသည်။

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | အများပိုင် | ၅၀၀ | ရာသီအလိုက် | မရှိ |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ရေရင်းမြစ်အနေဖြင့် မိုးရေကိုသာ အဓိကထားနေရသည်။ဆည်မြောင်းကြီးကြီးမားမားမရှိ။ကေတွင်းများဖော်ဆောင်မှုကို လိုလားကြသည်။ချောင်းရေကိုပိတ်၍ ဆည်အသေးစားမှ ရေသွင်းမှုများ ပြုလုပ်ကြသည်။လုံလောက်မှုအနေအားဖြင့် လုံလောက်မှုမရှိ။ပြုလုပ်ထားသည့်ဆည်မှာ ကောင်းမွန်မှုမရှိခြင်းကြောင့် ရေအလုံအလောက်ရရှိနိုင်မှုမရှိ။မိုးခေါင်ရာသီများ၌ ပို၍အခက်အခဲရှိသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၁၅၄ | တင်း | ၅၀ | ၁၀၀ | ၇၀ | | | | လတ် | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာ၏ အဓိကထွက်သည့် သီးနှံမှာ စပါးဖြစ်သည်။စပါးပေါ်ပြီးချိန်၌ မြေပဲများ၊ ပဲငပိများ တနိုင်တပိုင် စိုက်ပျိုးကြသည်။သီးနှံထွက်ရှိနှုန်းမှာ အနည်းဆုံး တစ်ဧက ၅၀မှ၁၀၀ထိ ထွက်ရှိသည်။ဓါတ်မြေဩဇာများ အသုံးပြုမှုများသည်။ယခုနှစ်သည် ယခင်နှစ်ထက် အသုံးပြုမှုများသည်။အမြတ်ရရှိနိုင်မှုအခြေအနေဖြင့် အသင့်အတင့်ရှိသည်။ဓါတ်မြေဩဇာအသုံးပြုမှုများသဖြင့် မြေဆီလွှာများ ပျက်စီးမှုရှိနိုင်သည်။စပါးများ ဈေးကွက်ကောင်းဖို့ ဝိုင်းဝန်းလုပ်ဆောင်ဖို့လိုအပ်ကြောင်းတွေ့ရှိရသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | ၈၉ | | | | | ၅၃ | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | ၁၇ | | | | | ၁၀၈ | |
| ရေစုပ်စက် | ၁၆ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | ၈ | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စက်သုံးကြိယာပိုင်ဆိုင်မှု အနေအားဖြင့် တစ်ဦးချင်းပိုင်အများဆုံးဖြစ်သည်။ အဖွဲ့ပိုင်ရွာပိုင်မရှိ၊စက် ကိရိယာ ငှားရမ်းလုပ်ကိုင်သူ အရေအတွက် များပြားသည်။ငှားရမ်းခ အနေအား ဖြင့် ထွန်စက် ငှားခ တစ်ဧကကို ၁၀ တင်းရိပ်သိမ်းစက် အနေဖြင့် စပါး ၁၀၀ ကို ၂ တင်း ၃ တင်း အစားစားရှိသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | မြေကွက်လပ်များ၊မြေရိုင်းများကို တိုးချဲ့၍ ရနိုင်သည်။ |
| ရေရင်းမြစ် | ဆည်အသေးစားတစ်ခုရှိသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | နွားချေး၊ကျွဲ ချေးများရရှိနိုင်သည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | ဓါတုပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲမှုလိုအပ်သည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | အစိုးရဘဏ်များ၊သမဘဏ်များမှချေးငွေရနိုင်သည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | နည်းပညာဝန်ဆောင်မှုဟောပြောပွဲများပြုလုပ်သင့်သည်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သွင်းအားစုဈေးကွက် | |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ဈေးကွက်နှင့်ကုန်သွယ်မှုအနေအားဖြင့်အသင့်အတင့်ရှိသည်။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် သဘာဝ မြေဆွေးအနေအားဖြင့် နွားချေးများ စက်ဖွဲများ အသုံးပြုမှုရှိသည်။အော်ဂဲနစ် မြေသြဇာသုံးစွဲမှုမရှိသလောက်နည်းပါးသေးသည်။ ယခုခေတ်ပေါ် ဓါတ်မြေသြဇာများကိုသာအသုံးပြုမှုများသည်။ငွေကြေးအနေအားဖြင့် အစိုးရ စိုက်ပျိုးရေး ဘဏ်၊သမဘဏ်များမှ ရရှိနိုင်သည်။နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုအနေအားဖြင့် နည်းပါး သေးသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | |
| မြေဆီသြဇာ အခြေအနေ | ဓါတုမြေသြဇာအသုံးများနေခြင်း |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ဆက်သွယ်မှုအားနည်းမှုကြောင့်ရရှိနိုင်မှုနည်း |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | အသိပညာအားနည်းခြင်းကြောင့် ကျွမ်းကျင်လုပ်သားရှားပါး။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ဆည်မြောင်းများကောင်းကောင်းမွန်မွန်မရှိခြင်းကြောင့်ရှားပါး။ |
| စိုက်ပျိုးရေမလုံလောက်မှု | ဆည်ကြီးကြီးမားမားမရှိ၊ဆည်ကောင်းမွန်မှုအားနည်းသည်။ |
| ဖျက်ပိုးနှင့် ရောဂါ | ရေရရှိမှုအားနည်း၊အသိပညာလိုအပ်(နည်းပညာ) |
| ဈေးကွက် လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မိရိုးဖလာ အတိုင်းလုပ်ဆောင်နေကြခြင်း |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ သီးနှံထုတ်လုပ်မှုအတွက် အဓိက ပြဿနာနှင့်စိန်ခေါ်မှုများမှာ ရေရရှိနိုင်မှု အားနည်းခြင်း၊နည်းပညာအားနည်းခြင်း၊စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှေးရိုးအတိုင်းသာ လုပ်ဆောင်နေ ကြ၍ လေ့လာမှုအားနည်းခြင်း၊အထွက်တိုးစပါးများ စိုက်သော်လည်းဈေးကွက်မရှိခြင်း၊သဘာဝမြေဆွေး များအသုံးပြုမှုအားနည်းလာခြင်းတို့ဖြစ်လာကြသည်။

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၁၃၀ | ၇၂၈ | |
| နို့စားနွား | | | |
| မြင်း | | | |
| ကျွဲ | ၃ | ၆၂ | |
| မြည်း | | | |
| လား | | | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၁၄၇ | ၃၀၇ | |
| ကြက် | ၁၆၂ | ၁၄၂၇ | |
| ဘဲ | ၁ | ၅ | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | ၆ | ၁၀၀၀ | စီးပွားဖြစ်မဟုတ် |
| ပုဇွန်ကန် | | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ငါးကန်များရှိသော်လည်းစီးပွားဖြစ် မွေးမြူကြခြင်း မဟုတ်၊တနိုင်တပိုင် မွေးမြူကြခြင်းသာဖြစ်သည်။သူတို့အတွက် နည်းပညာများလိုအပ်နေသေးသည်။ဝက်မွေးမြူသူ အရေအတွက်များသည်။ဝက်စာအတွက် အဓိက ပိန်းကိုသာ အားကိုးနေရသည်။ဝက်စာအတွက် ဆန်ကွဲများဈေးတက်သည်။ကြက်မွေးမြူရေးသည်လည်း တနိုင်တပိုင်သာဖြစ်သည်။ဘဲမွေးမြူမှုနည်းပါးသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | လယ်ပြီးချိန်လယ်ကွင်းများ စားကျက်မြေရရှိနိုင် |
| ရေရရှိမှု | |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အိမ်ခြံဝင်းများ ကျယ်ဝန်းမှုရှိကြခြင်း |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးအနေဖြင့် စီးပွားဖြစ်လုပ်ကိုင်သူ နည်းပါးသည့်အတွက် အခွင့်အလမ်းများ ဖန်တီးပေးမှုလိုအပ်ပါသည်။မွေးမြူရေးတွင် ဝက်မွေးမြူမှုများသည်။ငါးကန်ရှိသော်လည်း စီးပွားဖြစ် မမွေးမြူကြပါ။ငါးကန်များကို စနစ်တကျ ပြုပြင်မည်ဆိုလျှင် ငါးလုပ်ငန်းလုပ်ကိုင်လို့ အဆင်ပြေမည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | ငွေချေးပေးမည့်သူနည်းပါးခြင်း |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | အသိပညာနည်းပါးမှု |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ဆက်သွယ်မှုပိုမိုလိုအပ်သည့်ပြဿနာ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | လေ့လာမှုအားနည်းခြင်း |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ချေးငွေရရှိနိုင်မှု | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးနှင့်သားငါး ထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများမှာ ငွေကြေးအရင်းအနှီးမရှိ၊ချေးငွေထုတ်ပေးမည့်အဖွဲ့အစည်းလည်းမရှိပါ။မြို့နှင့်အလှမ်းဝေးသည့်အတွက် မွေးမြူရေး အသိပညာအားနည်းပြီး သာမာန်အနေဖြင့်သာ တနိုင်တပိုင်အနေဖြင့်သာမွေးမြူကြသည်။ ကာကွယ်ဆေးများကိုလည်း ပုံမှန်မထိုးကြ၊ဆေးထိုးရန်လည်း အလေးထားစိတ်မရှိကြပါ။နည်းပညာ လေ့လာမှု အားနည်းခြင်းကြောင့် မွေးကုဦးစီးဌာနကျွမ်းကျင်ပညာရှင်များ ကွင်းဆင်းအသိပညာပေး ဟောပြောရန်လိုအပ်သည်။

### (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | ၁ | | | မြင့် ကျပန်းအလုပ်သမားဖြစ်ခြင်း |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ | ၄ | - | ၃ | လတ် |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ပန်းရံလုပ်ငန်း | | | | ငှားရမ်းသူရှိမှလုပ်ရခြင်း |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁ | - | ၂ | လတ် တနိုင်တပိုင်သာဖြစ်သည်။ |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၁ | - | - | လတ် လုပ်ငန်းကျဲပါးခြင်း |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | ၇ | - | ၅ | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ကျေးရွာဖြစ်ခြင်းကြောင့် ကြီးမားသည့်လုပ်ငန်းဟူ၍မရှိ။ကျေးရွာပတ်ဝန်းကျင်၌ သဘာဝ သယံဇာတများမထွက်ရှိခြင်းကြောင့် တခြားဒေသသို့ သွားရောက်လုပ်ကိုင်သူအနည်းငယ်ရှိသည်။ ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ နှင့်လက်လီလက်ကားရောင်းဝယ်ရေးပြုလုပ်သူ ပို့ဆောင်ရေး ပြုလုပ်သူ အနည်းငယ်ရှိသော်လည်း တနိုင်တပိုင်သာဖြစ်ခြင်းကြောင့် ဝန်ထမ်း/အလုပ်သမားဟူ၍ ခန့်ထားခြင်းမရှိ။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျွမ်းကျင်လုပ်သားများ ပေါများလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ကုန်ရောင်း/ဝယ်လက်လှမ်းမီမှု | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း |
| အသိအမြင် | အသင့်အတင့်ရှိလာကြခြင်း |
| ဈေးကွက်ချဲ့ထွင်နိုင်မှု | အမြင်များပွင့်လင်းလာခြင်း |
| ပွင့်လင်းမြင်သာမှု | အသင့်အတင့်ရှိလာခြင်း |
| ပြင်ပအဖွဲ့အစည်းနှင့်ချိတ်ဆက်မှု | အသင့်အတင့်ရှိလာခြင်း |
| အကျိုးတူပူးပေါင်းမှု | ပူးပေါင်းနိုင်ရန်ဆွေးနွေးနိုင်ခြင်း |
| အရင်းအနှီး | အတိုးသက်သာလာခြင်း၊အပေါင်ဆိုင်များမှရရှိနေခြင်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ

လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် အရောင်းအဝယ်များ အဆင်ပြေလာနိုင်သည်။ဈေးကွက်ချဲ့ထွင်နိုင်မှု ပိုမိုပြုလုပ်လာနိုင်မည်။အသိအမြင်ကတော့လိုနေသေးသည်။ အရင်းအနှီးများမှာလည်း ယခင်ကလောက် အတိုးနှုန်းမများသည့်အတွက် ချေးယူနိုင်သည်။အဖွဲ့အစည်းများ အသင့်အတင့်ရှိလာသည့်အတွက် အရင်းအနှီး ရရှိနိုင်သည်။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်ငန်းချိတ်ဆက်မှု | အားနည်းနေခြင်း |
| အဆက်အသွယ်ရရှိမှု | အားနည်းနေခြင်း |
| ကုန်ထုတ်လုပ်မှု | ရွာတွင်း၌နည်းပါးခြင်း |
| .အရင်းအနှီး | အရင်းအနှီးထုတ်ပေးသူရှားပါးခြင်း |
| ချေးငွေပေးမှု | အားနည်းခြင်း |
| နေရာ | အခက်အခဲရှိခြင်း |
| အသိအမြင် | ပွင့်လင်းမှုအားနည်းခြင်း |
| အရောင်းအဝယ် | နှေးကွေးခြင်းများဖြစ်ပေါ်နေခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အလုပ်အကိုင်အခွင့်အလမ်းများ အားနည်းခြင်း၊အရင်းအနှီးပေးမည့်သူအားနည်းနေသေးခြင်း၊ပွင့်လင်းမြင်သာမှုအားမကောင်းသေးခြင်း၊စိုက်ပျိုးရေးကိုသာ အဓိကမှီခိုနေကြခြင်း၊အသိအမြင်ဗဟုသုတလိုအပ်နေသေးခြင်း၊ရွာတွင်း၌ အသီးအနှံများ ရောင်းဝယ်မှု နှေးကွေးနေတတ်ခြင်း၊ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ကိုင်မှုအားနည်းနေသေးခြင်းပြဿနာများ အဓိကဖြစ်ကြောင်း တွေ့ရှိရသည်။အကျိုးတူပူးပေါင်းမှုမှာလည်း ရှားပါးနေသေးသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အရေအတွက် | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၂၉ | | | | | | | | | |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင် | | ၁၂ | ၂၉ | ၃၂ | ၁၂ | ၁၉ | ၃၁ | | | |

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | သောကျေးရွာရှိလူဦးရေ | | | | | | | | | | |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | ၆ | - | ၆ | ၆ | - | ၆ | | | |
| | ၆ လ အထိ | | ၃ | - | ၃ | ၃ | - | ၃ | | | |
| | ၁၂ လ အထိ | | - | ၂ | ၂ | | ၂ | ၂ | | | |
| | ၁၂ လ အထက် | | ၃ | ၁၇ | ၂၀ | ၃ | ၁၇ | ၂၀ | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ရွှေ့ပြောင်းသွားလာမှုအနေဖြင့် ပညာရေး ဝန်ထမ်းအလုပ်များနှင့် စားဝတ်နေရေးအတွက်ရွှေတွင်းကျောက်တွင်းသွားကြသူများသာရှိသည်။(မူးယစ်ဆေးဥပဒေနှင့်မကင်းလွတ်၍ နိုင်ငံတော်မှ ထိန်းသိမ်းထားသော လူဦးရေ စာရင်းကိုတော့ မထည့်သွင်းထားပါ)။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၃၁ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ အလုပ်အကိုင်နှင့်ဝင်ငွေအတွက်သာ ပိုများသည်။နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းအရင်းကြောင့် သွားလာမှုနည်းပါးသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂၉ | ၁၄ | | √ | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | | | |
| | - ဘဏ် | | | | | |

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| | - လူကြုံဖြင့်လွှဲပို့ခြင်း/ကိုယ်တိုင် | √ | | | | |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | | | |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပြန်ပို့ငွေကိုသာ အဓိကမှီခိုနေရသည်။အိမ်ထောင်စုနည်းသည်။ပြန်ပို့ငွေပို့ဆောင်မှုမှာလူကိုယ်တိုင်ပို့ဆောင်မှု ပိုများသည်။ဘဏ်အတွေ့အကြုံနည်းပါးကြသေးသည်။

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ၇မိုင် | |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | အသင့်အတင့်ရှိသည်။ | |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | ကုန်မျိုးစုံရနိုင် | |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | အသင့်အတင့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဈေးကွက် လက်လှမ်းမီမှုအနေဖြင့်ရွာနှင့် ၇မိုင်ခန့်ကွာဝေးသည့် နန်းမားဈေးကိုသာ အဓိကထားသည်။ဟိုပင်ဈေးကိုလည်း အဓိကထားသည်။ ရွာတွင်တော့ မနက်ဈေးအသေးစားရှိသည်။ အသီးအရွက်၊အသားငါး၊အဝတ်အထည်များရနိုင်သည်။နေရာသတ်မှတ်ထားခြင်းမရှိသေး။လမ်းပေါ်တွင် ရောင်းချကြသည်။အကွက်၊အဆောက်အဦးလိုအပ်သည်။ယခုအသုံးပြုနေသော အနီးဆုံးဈေး၏ အခြေခံ အဆောက်အဦးနှင့်ဝန်ဆောင်မှုမှာ အသင့်အတင့်ရှိသည်။

## (၂.၅)　ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်၊ သ မချေး ငွေ) | | ၆လ | | မရှိ | မရှိ |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု /ငွေချေးအစီအစဉ် | | တစ်လ တစ်ကြိမ် | ၃ကျပ် | မရှိ | - |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့်ဆွေမျိုးများ | | ရက်အကန့် အသတ်မရှိ | | | အသင့်အတင့် |
| အခြား | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ရပ်ရွာအနေဖြင့် ချေးငွေရရှိနိုင်သည့်နေရာများမှာ အစိုးရစိုက်ပျိုးရေးဘဏ်၊ပဲဘဏ်၊အပေါင်ဆိုင်များတွင်လည်းယူကြသည်။မိတ်ဆွေနှင့်ဆွေမျိုးများထံမှလည်းချေးယူကြသည်။ အတိုးနှုန်းမပါဘဲချေးငှားတာများသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

## (၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့် | |
| အပင်မျိုးစိတ်များ | လတ် | |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် | |
| ရေရင်းမြစ် | မြင့် | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မြေဆီသြဇာအခြေအနေ အန္တရာယ်ရှိမှုမှာ မြေသြဇာများ အသုံးပြုမှုများပြား လာသည့်အတွက် စိုးရိမ်အနေအထားရှိသည်။မိုးမကောင်းလျှင် ရေ အခက်ခဲရှိသည့်အတွက် ကြောင့် ဓါတ်မြေသြဇာလိုက်ရသည်။ဖျက်ပိုးအန္တရာယ်မှာ စိုးရိမ်စရာအနေအထားတွင်တော့မရှိ။

## (၂.၇) ပညာရေး

## (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၂ | ၁၄ | ၁၆ | ၁.၆% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၇ | - | ၁၇ | ၁.၇% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၁၁၂ | ၁၂၁ | ၂၃၅ | ၂၃.၅% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၁၀ | ၂၉၃ | ၆၀၃ | ၆၀.၂% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၄ | ၅၆ | ၉၀ | ၈.၉% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂ | ၂၂ | ၂၄ | ၂.၄% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၅ | ၁၃ | ၁၈ | ၁.၈% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၄၈၂** | **၅၁၉** | **၁၀၀၁** | **၁၀၀%** |

ရင်းမြစ် …အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာပညာရေးနှင့် စာတတ်မြောက်မှုအခြေအနေမှာ စာမတတ်သူများရှိသေး

သည်။ယခင်က ခေတ်အခြေအနေအရ စာမသင်ခဲ့ရသည့်သူများဖြစ်သည်။ဘွဲ့ရအရေအတွက် မိန်းကလေးများသည်။တချို့မှာ ဘွဲ့ရသော်လည်း မိရိုးဖလာလယ်ယာလုပ်ငန်းသာလုပ်ကိုင်ကြသည်။အစိုးရဝန်ထမ်းမလုပ်ကြပါ။

### (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၅၇ | ၇၆ | **၁၃၃** | ၄၅.၁% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၅၁ | ၅၁ | **၁၀၂** | ၃၄.၆% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၁၃ | ၂၃ | **၃၆** | ၁၂.၂% |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၂ | ၂၂ | **၂၄** | ၈.၁% |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ကျောင်းနေအရွယ် ကျောင်းတက်နှုန်းမှာ အလယ်တန်းပြီးဆုံးသည်အထိ ကျောင်းတက်တာများသော်လည်း စီးပွားရေးအဆင်မပြေ၍သော်လည်းကောင်း ကလေးများအပျော်မက်၍ ၎င်းကျောင်းဆက်မတက်တာများသည်။အဓိကမှာမိဘများငွေကြေးမတတ်နိုင်၍ ဆက်မတက်နိုင်တာများသည်။

### (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | | | | | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | | | | လျား-၁၅၀၊နံ-၃၀၊မြင့်-၁၂(အသစ်) လျား-၈၀၊နံ-၃၀၊မြင့်-၁၂(အဟောင်း) | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | | | | သင့် | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာအခြေအနေ | | | | ကျောင်းသုံးပရိဘောဂ လုံလောက်မှုအသင့်အတင့်၊ကျောင်းအိမ်သာအခြေအနေ-သင့် | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ) | | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၂ | ၃ | **၅** | - | **၆** | **၆** |
| ကျေးရွာခန့် | | ၁ | **၁** | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ စာသင်ကျောင်းအခြေအနေမှာ အသင့်အတင့်သာရှိသည်။ယခင်က မူလတန်း

ကတည်းကရှိခဲ့သော ကျောင်းဆောင်မှာ ပျက်စီးမှုများရှိနေသည်။အလယ်တန်းခွဲရလာသည့်အချိန်မှ ကျောင်းဆောင်သစ်ဆောက်လုပ်ထားသည်။ယင်းကျောင်းဆောင်သစ်သည်လည်း တံခါးများပျက်စီးနေသည်။ ဝိုင်းဝန်းလုပ်ဆောင်မှုအားနည်းသည်။မူကြိုကျောင်းတစ်ကျောင်းရှိသည်။အသားကျောင်းတစ်ကျောင်းရှိသည်။ လောလောဆည် ကျောင်းဆောင်(၄)ဆောင်ရှိသည်။အိမ်သာအခြေအနေမှာအသင့်အတင့်သာရှိသည်။ကျောင်းသုံး ပရိဘောဂများ ထိန်းသိမ်းမှုအားနည်းသည်။ကျောင်းစာကြည့်တိုက် ပီပီပြင်ပြင်မရှိသေး။အာဟာရတိုက်ကျွေးမှုမှ ဆန်ပြုတ်များသည်။

## (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | ၁၁ ဦး |
| တပည့် - ဆရာ အချိုး | ၂၁:၁ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိပါ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိပါ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ပြည့်စုံလုံလောက်သည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | အနည်းငယ်ရှိပါသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | လုံလောက်မှုအားနည်းပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ပူးပေါင်းပါဝင်ဆောင်ရွက်မှု ရှိပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ပညာရေးအခက်အခဲနှင့်ပြဿနာမှာ ကျောင်းဆရာ/ဆရာမ ၁၁ဦးရှိပြီး တပည့်အချိုး ၂၁:၁ ရှိသည့်အတွက် ပြည့်စုံလုံလောက်မှုရှိသည်။မူလတန်းပညာကျောင်းထွက်နှုန်းမှာ မရှိသလောက်နည်းပါး သည်။မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်အနေဖြင့် စီစဉ်ထားခြင်းမရှိပါ။အဆင်ပြေသော မိသားစု ၏ကျောင်းသားများမှာ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများပြည့်စုံလုံလောက်မှုရှိသော်လည်း ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုမှာ အနည်းငယ်ရှိနေသည်။မိဘဆရာအသင်း၏အခန်းကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည်။

## (၂.၈) ကျန်းမာရေးနှင့်အာဟာရ

## (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| **#** | **ရောဂါ** | **ပျံ့နှံ့မှု/ဖြစ်ပွားမှု** | | | **မှတ်ချက် / သုံးသပ်ချက်** |
|---|---|---|---|---|---|
| | | **မြင့်** | **နိမ့်** | **မရှိ** | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | √ | | အသင့်အတင့်ရှိ |
| ၂ | သွေးလွန်တုပ်ကွေး | | √ | | တစ်ခါတရံအဖြစ်များ |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၃ | ငှက်ဖျား | | √ | | အသင့်အတင့်ရှိ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | √ | မရှိသလောက်နည်းပါး |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | √ | | အသင့်အတင့်ရှိ |
| ၆ | တီဘီ | | √ | | အသင့်အတင့်ရှိ |
| ၇ | ဆီးချို | | √ | | အသင့်အတင့်ရှိ |
| ၈ | သွေးတိုး | | √ | | အသင့်အတင့်ရှိ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | √ | မရှိသလောက်နည်းပါး |
| ၁၀ | အာဟာရချို့တဲ့မှု | | √ | | အသင့်အတင့်ရှိ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | | √ | မရှိသလောက်နည်းပါး |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ရွာတွင်း၌ အိမ်သာ သုံးစွဲမှုအသင့်အတင့်ကောင်းမွန်လာသော်လည်း ကျန်းမာရေးအသိနည်းပါးခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှော အနည်းငယ်ဖြစ်တတ်သည်။သွေးလွန်တုပ်ကွေးရောဂါမှာ မိုးတွင်းကာလ၌ ကလေးငယ်များအဖြစ်များသည်။ငှက်ဖျား၊တီဘီ သွေးတိုး စသည့် ရောဂါများမှာ အနည်းငယ်အဖြစ်များသည်။HIV ၊ AIDS လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါမှာလည်း မူးယစ်ဆေးသုံးစွဲသူရှိခြင်းကြောင့် ဖြစ်ပွားသူ အနည်းအကျဉ်းရှိသည်။အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် အသည်းရောဂါ(ဘီ၊စီ)တို့မှာ မရှိသလောက်နည်းပါးသည်။အာဟာရချို့တဲ့မှုမှာတော့ စီးပွားအဆင်မပြေသည့် မိသားစုကလေးငယ်များမှအပအဆင်ပြေသည့် မိသားစုကလေးများ၌ မရှိပါ။အခြား ကူးစက်နိုင်သောရောဂါမရှိပါ။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | √ | ဖြစ်ပွားမှုနည်းပါးသည့်အတွက်ကြောင့် |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | √ | | |
| ၃ | ပိုလီယိုရောဂါ | √ | | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် | √ | | |

| စဉ် | **ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ** | **ရှိ** | **မရှိ** | **မှတ်ချက် / သုံးသပ်ချက်** |
|---|---|---|---|---|
| | ကာလအတွင်း) | | | |
| ၅ | ဝက်သက်ရောဂါ | √ | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | √ | | |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | | |
| ၈ | အာဟာရပညာပေးအစီအစဉ် | √ | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ရွာတွင်း၌ အဆုပ်ရောဂါဖြစ်ပွားမှုမရှိသည့်အတွက် ကာကွယ်ဆေးထိုးပေးခြင်းမရှိပါ။ကျန်သော ရောဂါကာကွယ်ဆေးများကို အပတ်စဉ်တိုင်း ကျေးလက်ကျန်းမာရေးဌာနမှ လာရောက်ထိုးပေးသည်။အာဟာရမှတ်တမ်းယူမှုမှာလည်းရှိသည်။ အာဟာရပညာပေးအစီအစဉ် ဟောပြော မှု နည်းပါးကြောင်းတွေ့ရသည်။

**(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွာ အဝေး (မိုင်)** | **အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)** | **ကျန်းမာရေး ဝန်ထမ်းဦးရေ** | **ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)** | **မှတ်ချက်** |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ၁ မိုင်ခွဲ | သင့် | ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်- | | |
| တိုက်နယ် ဆေးရုံ | ၇မိုင် | | ဆရာဝန် - ၃ ဦး လ/ထ - ကျန်းမာရေးမှူး- သူနာပြု - | | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |
| မြို့နယ် ဆေးရုံ | ၁၈မိုင် | | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | ၈ မိုင် | | ဆေးဝါးကျွမ်းကျင် သူ- | လက်လှမ်းမှီမှု-<br>ဆေးဝါး--ရှိ<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျန်းမာရေး ဝန်ဆောင်မှုအနေဖြင့် ရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသေးပါ။ဆေးခန်းကဆောက်ထားပြီးဖြစ်ပါသည်။ဆရာမ မရောက်လာသေးပါ။ရွာမှ ဆေးဝါးကျွမ်းကျင် ဆရာမများကိုသာအဓိကအားကိုးနေရသည်။ ရောဂါအားကြီးလျှင်တော့ နန်းမား၊မိုးညှင်းဆေးရုံသို့ပို့ရ သည်။ မြို့နယ်ဆေးရုံဆိုလျှင်ရွာမှ၁၈မိုင်ခန့်ကွာဝေးသည်။လမ်းများကောင်းမွန်လာသည့်အတွက် အဆင်ပြေသည်။ လူနာတင်ယာဉ်ကားများ မရှိသေး။ကြုံသလို ကားနဲ့သာအဆင်ပြေအောင်သွားကြရ သည်။ နာရေးကူညီမှုအဖွဲ့များမရှိသေး။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၃ | သင့် | √ | √ | √ | |
| အဝီစိတွင်း (စက်တပ်) | | | | | | |

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| အဝီစိတွင်း/တုံကင် | ၄၉ | သင့် | √ | √ | √ | |
| ကန် | | | | | | |
| မြစ်/ချောင်း | ၁ | သင့် | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | ၁ | သင့် | | | | |
| အခြား | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ သောက်သုံးရေ ရရှိနိုင်မှုအနေဖြင့် စိမ့်စမ်းရေကိုသာ အဓိကအသုံးပြုနေကြသည်။ ရေတွင်းများရှိသော်လည်း ၁ တွင်းသာ အသုံးပြုမှုရှိတော့သည်။ကျန်သည့် ရေတွင်းများကိုတော့ အသုံးမပြုကြ တော့ပေ။အဝီစိတွင်း ဘုံဘိုင်များ အသုံးပြုမှုရှိသည်။ရေ အခြေအနေကတော့ ရေဆီထွက်တာများသည်။

## (၂.၉.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၃၀ | |
| ကျင်းအိမ်သာ | ၁၈၁ | |
| မြေပေါ် အိမ်သာ | - | |
| တောထိုင် | - | |
| **စုစုပေါင်း** | **၂၁၁** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ အိမ်သာအသုံးပြုမှုအနေဖြင့် ယင်လုံအိမ်သာ အသုံးပြုမှုနည်းပါးသေးသည်။ကျင်း တက်အိမ်သာအသုံးများသေးသည်။စီးပွားရေးအခြေအနေကြောင့်အသုံးမပြုနိုင်သာများသည်။ကျန်းမာရေး ဗဟုသုတအနေနဲ့တော့ အသင့်အတင့်ရှိလာကြသည်။ပို၍ ဗဟုသုတရှိအောင် ဟောပြောသင့်သည်။တောထိုင် အိမ်သာများ၊မြေပေါ် အိမ်သာများအသုံးပြုမှုများ မရှိသလောက်ပင်။

## (၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | √ | | အားနည်းသေးသည်။ |

| # | ကျား-မ ကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | √ | | အသင့်အတင့်ရှိသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | √ | |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | √ | | အားနည်းသေးသည်။ |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုပ်ချုပ်ရေးပိုင်းတွင်တော့ အမျိုးသမီးများပါဝင်မှု အားနည်းသေးသည်။ အမျိုးသမီးသီးခြားအဖွဲ့အစည်းမရှိ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မရှိ၊စာရင်းကောက်ယူသွားသော်လည်း ယခုအချိန်ထိအထက်ကချမှတ်ပေးမှုမရှိသေး၊ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု အသင့်အတင့်ရှိသည်။အမျိုးသမီးရေးရာအဖွဲ့မရှိ။မိန်းကလေးများအားအကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိသလောက်ပင်။ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက်လူထု၏အသိမြင်ရှိမှုအားနည်းသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | | √ | | ၁၂၁၇၅' |
| ချဉ်းကပ်လမ်း | | | | | | |
| ရွာချင်းဆက်လမ်း | ၂ | သင့် | ၂၀၁၄ | | √ | ၆၀၅၀' |
| အခြား | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ ရွာတွင်းလမ်းတွင် မြောင်းများ မကောင်းမွန်ခြင်းကြောင့် လမ်းပျက်စီးမှု

ပိုများသည်။ကိုယ်ထူကိုယ်ထ သဲလောင်းခြင်းများရှိသည်။မိုးတွင်း၌ ပိုပျက်စီးသည်။လမ်းကူးမြောင်းများ၌လည်း တံတားများ အလုံအလောက်မရှိခြင်းကြောင့် လမ်းပျက်စီးမှုပိုများသည်။ရွာချင်းဆက်လမ်း၌လည်း ကျောက်ခင်းလမ်းဖြစ်သော်လည်း လမ်းမှလျှံကျလာသောရေများကြောင့် မိုးရာသီ၌ ခဏခဏ သဲလောင်းရသည်။တချို့နေရာဆို ချိုင့်ခွက်တွေ ဖြစ်ပေါ်နေသည်။လမ်းအလယ်၌လည်းကျောက်ခဲတွေသာ ပေါ်နေသည်။သွားလာလို့မကောင်း ကတ္တရာလမ်းဖြစ်ဖို့ရန်မျှော်လင့်ပါသည်။

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | | | | | |
| ကွန်ကရစ်တံတား | | | | | |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |
| အခြား(သစ်သား) | | ကောင်း | ၂၀၁၄ | | √ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တံတားတည်ရှိမှုအနေဖြင့် အောက်ခံ ကွန်ကရစ်တိုင် သစ်သားခင်းတံတားဖြစ်သည်။တောင်ကျရေဖြစ်သဖြင့် ရေစီးသန်သည့်အတွက် ကွန်ကရစ်တိုင်မှ အဆင်ပြေမည်။ဘေးနှစ်ဘက်နားရွက်များ မတပ်ရသေး။ကိုယ်ထူကိုယ်ထဖြင့် မြေကြီးများဖို့၍ သွားလာ၍ ရအောင်ပြုလုပ်ထားသည်။မိုးရာသီ၌ ကျောင်းသူ/ကျောင်းသားများအတွက် အဓိက အားကိုးရသည့် တံတားဖြစ်သည်။ကားကြီးများ သွားလို့မရ၊ကားသေး၊ဆိုင်ကယ်များသာ သွားလာနိုင်သည်။သွားလာမှု အဆင်ပြေရန်အတွက် ရွာအရှေ့ဘက်၌ တံတား တစ်စင်းလိုအပ်နေသည်။

## (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | | | | |
| ပင်လယ်ရေကြောင်း | | | | |
| အခြား | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၆၁ | ၂၁၀ | ၁၇ | ၈ | | ၁၂၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ သယ်ယူပို့ဆောင်ရေး အနေဖြင့် ဆိုင်ကယ်အသုံးများသည်။သုံးဘီးဆိုင်ကယ်ရှိသည်။စက်ဘီးများရှိသော်လည်း အသုံးပြုမှုနည်းပါးသည်။ယခုအချိန်တွင် စပါးတိုက်ရာ၌လည်း ကားနဲ့သာအသုံးများသည်။နွားလှည်းအသုံးပြုမှုနည်းပါးလာသည်။

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၉၀ | သင့် | မရှိ |
| ဆိုလာစနစ် | ၉၉ | သင့် | မရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |
| အခြား | ၂၂ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လျှပ်စစ်မီးရရှိမှုအနေအားဖြင့် ဆိုလာ အသုံးပြုများပြားသည်။ဓါတ်အားလိုင်းပေးသည်မှာ မကြာသေးသည့်အတွက် ယူသူနည်းပါးသေးသည်။မဟာဓါတ်အားလိုင်း၏ အဓိကပြဿနာမှာ မီးခဏခဏပျက်ခြင်းပင်ဖြစ်သည်။အဆင်ပြေအောင်အထက်ကဆောင်ရွက်ပေးစေလိုပါသည်။တချို့ရက်ဆို တစ်ရက်လုံးကောင်းကောင်းမလာ။မဟာဓါတ်အားလိုင်းသုံးသူများသည်လည်းဆိုလာအသုံးပြုမှုရှိသည်။ကျန်သည့် အခက်အခဲတော့ သိပ်မတွေ့ရပါ။

## (၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၃၈၃ | ၉၉ | ၁၁၁ | ၄၈ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဖုန်းအရေအတွက်များပြားသည်။ဒါပေမဲ့ သတင်းအချက်အလက်အနေဖြင့် ရယူမှုနည်းပါးသေးသည်။ထိုင်းဂြိုလ်တုစလောင်းအသုံးများသည်။

## (၂.၁၄)ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | အသင့်အတင့်ရှိသည်။ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | အသင့်အတင့်ရှိသည်။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | အသင့်အတင့်ရှိသည်။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | အားနည်းသည် |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | အားနည်းသည် |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အား လက်လှမ်းမီမှု | စာကြည့်တိုက်မရှိ၊အသင့်အတင့်ရှိသည်။ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လူငယ်များ ဘာသာရေး၊ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု အားနည်းသည်။လူငယ်အဖွဲ့အစည်းအဖြစ် အပျို/လူပျိုအဖွဲ့အစည်းသာရှိသည်။အားကစားပစ္စည်းများ၊အားကစားကွင်းများ လိုအပ်ချက်များစွာရှိသည်။ကျေးရွာ ဘောလုံးကွင်းရှိသော်လည်း လှည်းများဖြတ်သန်းမှု နွားများ ကျက်စားမှု တို့ကြောင့် ပျက်စီးမှုများရှိသည်။ကျေးရွာ စာကြည့်တိုက်မရှိ၊အင်တာနက်အနေဖြင့် လူငယ်များတွင်အသုံးပြုမှု များသော်လည်း ထိထိရောက်ရောက်အသုံးမပြုနိုင်ကြပေ။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | လက်လှမ်းမီမှုအသင့်အတင့်ရှိသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | အားနည်းသည်။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | အစီအစဉ်တသမတ်တည်မရှိ၊အားနည်းသည် |
| ရဲစခန်းများအား လက်လှမ်းမီမှု | အားနည်းသည်။ |
| အခြား | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင် တာဝါတိုင်မရှိ၊ရွာနှင့်တစ်မိုင်ခန့် အကွာတွင်တော့ တာဝါတိုင်ရှိသည်။အာမခံလုပ်ငန်းများ လုပ်ကိုင်မှုမရှိသလောက်အားနည်းသည်။ သဘာဝ ဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များကို စနစ်တကျရေးဆွဲထားခြင်းမရှိ။ရဲစခန်းနှင့်လည်း

အဆက်အသွယ်အလှမ်းဝေးသည်။ကျေးရွာတွင် လုံခြုံရေးအဖွဲ့အစည်းများဖွဲ့စည်းထားခြင်းမရှိသေးပါ။

**(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | **လူကုန်ကူးမှု** | **ခိုးမှု** | **မူးယစ်ဆေးသုံးစွဲမှု** | **အကြမ်းဖက်မှု** |
|---|---|---|---|---|
| စိုးရိမ် /သာမန် | ၂ | ၂ | ၁ | ၂ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူကုန်ကူးမှုအနေဖြင့်အဖြစ်နည်းသည်။ခိုးဝှက်မှုလည်း ကြီးကြီးမားမား မရှိ။မူးယစ်သုံးစွဲမှုအနေဖြင့် ယခင်ကလောက် စိုးရိမ်စရာမရှိတော့။အသင့်အတင့်တော့ ရှိသေးသည်။အကြမ်းဖက်မှု မရှိသလောက်အားနည်းသည်။

**နောက်ဆက်တွဲ ၂**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ**

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • သဘာဝအရင်းအမြစ်များ | သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူ များလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူ ပို့ဆောင်ပြီး ရောင်းချနိုင်သည်။ စပါးကိုအဓိကစိုက်ပျိုးကြပြီး၊ သီးနှံ စိုက်ပျိုးမှုအား လွန်စွာအ ထောက်အကူဖြစ်စေပေသည်။ |
| • နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက် | ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင် တည်ရှိပြီး၊လမ်းပန်းဆက်သွယ်ရေး အရ အထူးကောင်းမွန်မှုရှိပြီး၊ တစ် နှစ် ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။ |
| • ရပ်ရွာတည်ငြိမ်အေးချမ်းမှု | ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်း မှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ |
| • ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာအတွင်းတွင်ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူ ထုအခြေပြု အဖွဲ့အစည်းများ အတော်အသင့်ရှိပြီး၊အဖွဲ့များ၏၊ လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ ပြင်ပ ပုဂ္ဂလိ က ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်း မှုရှိပြီး၊ထို အထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာ လုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများ လုပ် ကိုင် ဆောင်ရွက် ရန် လွန်စွာအထောက်အပံ့ကောင်း များဖြစ် စေ ပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှ လည်း စိုက်ပျိုးရေး နှင့်ပတ်သက် သောနည်းပညာပေးစံပြစိုက်ကွက်များလည်းကျေးရွာတွင်စိုက်ပျိုး ထားခြင်းသည်လည်း တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်း စနစ်များ အား အချိန်နှင့် တစ်ပြေး ညီရရှိစေသည်။ |
| • ဆက်သွယ်ရေး | ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင် တာ နက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်း မွန်ပြီး အခြားသတင်းအချက် အလက် များအတွက် ချိတ် ဆက်အသုံးပြုနိုင်သည်။ |
| • ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ | ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်း မာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | လက်လှမ်းမှီနိုင်ကြသည်။ |
| • ကျေးရွာလျှပ်စစ်မီး | ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာ သည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက် အပံ့ဖြစ်ခြင်း၊အားလပ်ချိန်များတွင် ဗဟုသုတရဖွယ်သုတ၊ရသနှင့် သတင်းအစုံ အလင်အားတီဗွီဖန် သားပြင်မှကြည့်ရှုနိုင်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးလာရေးအတွက် အထောက် အကူ ပြုနေသည်။ |

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု | ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင်အားပြိုင်မှုအချို့ ရှိနေ ကြောင်း တွေ့ရှိရသည်။ ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်း ဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်း ကြောင်း တွေ့ ရှိရသည်။ |
| • သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ | စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ် မြေရိုင်း များထပ်မံ မတိုးချဲ့ နိုင်တော့ ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ် မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ |
| • ကျန်းမာရေးဝန်ဆောင်မှု | ကျေးလက်ကျန်းမာရေးဌာ နနှင့် ဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် နန်းမားဆေးရုံ သို့သွားရောက်ကုသရသည်။ |

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး(သီးနှံ)** | | | | | |
| ၁<br>၂ | နည်းပညာအသုံးပြုနိုင်မှုအားနည်းခြင်း၊ ပိုးနှင့်ရောဂါကျခြင်း၊ မျိုးကောင်းမျိုးသန့်စိုက်မှုအားနည်းခြင်း၊ ရေမလုံလောက်ခြင်း၊ မြေဆီသြဇာညံ့ခြင်း | နည်းပညာဝန်ဆောင်မှုအားနည်းခြင်း၊ ရောဂါပိုးမွှားကျနိုင်သည့်အခြေအနေများပေါင်းဆုံဖြစ်ပေါ်ခြင်း၊ ငွေကြေးကြောင့်မဝယ်နိုင်ခြင်း၊ မျိုးသန့်ပွားနည်း ပညာအားနည်းခြင်း၊ | စိုက်ပျိုးရေးဌာနများနှင့်ချိတ်ဆက်နိုင်ခြင်း ၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်နိုင်ခြင်း၊ အသိပညာပေးမှုများများပေးရမည်၊ ဆည်မြောင်းများအားစနစ်တကျပြုလုပ်ကြခြင်း | ကွင်းဆင်းလေ့လာမှုအားနည်းခြင်း၊ အသိပညာနည်းပါးခြင်း၊ ကုမ္ပဏီများ မိမိဆေးရောင်းရရေးသာ အလေးထားခြင်း၊ ရိုးရာအရသာစိုက်ပျိုးမှုများခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ စက်ကရိယာပေါ်များလာသည့်အတွက် နွားကျွဲများနည်းပါးလာ | စိုက်ပျိုးရေးဌာနများနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအားချိတ်ဆက်ဆောင်ရွက်ခြင်း၊ မြို့နယ်အဖွဲ့အစည်းများ၏ အကူအညီဖြင့်သွင်းအားစုများ လက်လှမ်းမီအောင် ချိတ်ဆက်ခြင်း၊ မြို့နယ်အဖွဲ့အစည်းများ၏ အကူအညီဖြင့်ရေရရှိရေးအစီအစဉ်များဆောင်ရွက်ခြင်း၊ မြေဆွေး၊မြေသြဇာများစနစ်တကျပြုလုပ်ရခြင်း၊ | စိုက်ပျိုးရေးနည်းပညာများရရှိအသုံးပြုမှု တိုးတက်အောင်ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်စုပေါင်းဝယ်ယူရန် စီစဉ်ဆောင်ရွက်ခြင်း၊စက်ကိရိယာများ အရစ်ကျ ဝယ်ယူ/ငှားရမ်းချိတ်ဆက်ဆောင်ရွက်ခြင်း၊ ရေသုံးစွဲသူ အစုအဖွဲ့ ဖွဲ့၍ရေသွင်းခြင်းဆိုင်ရာတည်ဆောက်ရေး၊ပြုပြင်ထိန်းသိမ်းရေးနှင့် စနစ်တကျသုံးစွဲရေးအတွက်ဆည်မြောင်း ဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | ခြင်း၊<br>အသိပညာအား နည်းခြင်း၊ | ဓါတ်မြေဩဇာများကို စနစ်တကျသုံးစွဲရခြင်း | |
| ၂ | **ကျန်းမာရေး** | | | | | |
| ၁<br><br>၂ | ရာသီအလိုက် ရောဂါဖြစ်ခြင်း၊<br>ကိုယ်ဝန်ဆောင် အမျိုးသမီးဆိုင်ရာ ရောဂါဖြစ်ခြင်း၊<br>ကျန်းမာရေးအသိအားနည်းခြင်း၊<br>အိမ်သာစနစ်တကျ မသုံးတတ်ခြင်း | ရာသီဥတုဖောက်ပြန်ခြင်း၊<br>အာဟာရချို့တဲ့ခြင်း၊<br>ကာကွယ်ဆေးမထိုးခြင်း၊<br>အခြေခံပညာအား နည်းခြင်း၊<br>ဆေးရုံ၊ဆေးခန်း ကြောက်ခြင်း၊<br>အလေ့အထမရှိခြင်း၊<br>အသိအားနည်းခြင်း | ကြိုတင်ကာကွယ်မှု ပြုခြင်း၊<br>အာဟာရပြည့်စုံအောင်စားသုံးနိုင်ခြင်း၊<br>ကြိုတင်ကာကွယ် ဆေးများထိုးပေးခြင်း၊အမြင်ပွင့်လင်းလာခြင်း၊ဆေးပေးခန်းရှိလာခြင်း၊ပညာပေး ဟောပြောမှုများ ရှိလာခြင်း | အသိဉာဏ်အား နည်း၊ပေါ့ဆခြင်း၊<br>အစားရှောင်ခြင်း၊<br>ဆေးရုံ၊ဆေးခန်း ကြောက်ခြင်း၊<br>ရှေးရိုးအတိုင်းသာ သုံးစွဲမှုများခြင်း | ကာကွယ်ဆေးထိုးရခြင်း၊ကြိုတင်ကာကွယ်မှုများပြုရခြင်း၊<br>ဆေးပစ္စည်းများပြည့်စုံစွာထားရှိရခြင်း၊<br>ပညာပေးဟောပြောမှုများဆောင်ရွက်ပေးခြင်း၊ကျန်းမာရေး ဝန်ထမ်းများခန့်ထားပေးရန် တောင်းဆိုခြင်း၊<br>တစ်ရွာလုံးစနစ်တကျ အိမ်သာသုံးစွဲနိုင် အောင်ဆောင်ရွက်ခြင်း၊ | ထိရောက်သည့်ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် ဆောင်ရွက်ခြင်း၊ကျေးလက် ကျန်းမာရေးဆိုင်ရာ အဆောက်အဦးအသုံး အဆောင်၊ဝန်ထမ်းရရှိအောင် တောင်းဆိုခြင်း၊<br>ရေနှင့်အိမ်သာ ပံ့ပိုးရေး အတွက်ကျေးရွာကော်မတီနှင့် ကျေးလက်ဦးစီးလက်တွဲ ဆောင်ရွက်ခြင်း |
| ၃ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ကစားကွင်း မကောင်းခြင်း၊<br>အားကစားပစ္စည်း လုံလောက်မှုမရှိ၊<br>စာကြည့်တိုက် မရှိခြင်း၊<br>လူငယ်အဖွဲ့အစည်း မရှိခြင်း၊<br>မူးယစ်ဆေး အန္တရာယ်။ | ထိန်းသိမ်းမှုအားနည်းခြင်း၊<br>ပြုပြင်ရန်ငွေကြေး အခက်အခဲရှိခြင်း၊<br>ညီညွတ်မှုအားနည်းခြင်း၊<br>ငွေကြေးအားနည်းခြင်း ၊အလေးမထားခြင်း၊<br>စာဖတ်မည့်သူ အားနည်းခြင်း၊<br>ငွေကြေးအခက်အခဲ ရှိခြင်း၊<br>ဦးဆောင်မည့်သူမရှိခြင်း၊အသိပညာ အားနည်းခြင်း၊<br>လွယ်ကူစွာဝယ်ယူ ရရှိနိုင်ခြင်း။ | ဝိုင်းဝန်းပြုပြင်ခြင်း၊<br>ရန်ပုံငွေစနစ်တကျ ထားရှိခြင်း၊<br>ငွေကြေးအင်အား ရှိအောင်ပြုလုပ်နိုင်ခြင်း၊လူငယ်များ စိတ်ဝင်စားမှုရှိခြင်း၊<br>နေရာရှိခြင်း၊<br>လျှပ်စစ်မီးရရှိနေခြင်း ၊လူငယ်များအမြင် ပွင့်လင်းလာခြင်း၊<br>အသိပညာပေး ဟောပြောပေးရခြင်း၊<br>လူငယ်များအသိ ပညာရှိလာကြခြင်း။ | ကွဲနွားများဝင်ထွက် သွားလာမှုများရှိခြင်း၊အကာအကွယ် မရှိခြင်း၊<br>ကျန်းမာရေးလိုက်စားမှုအားနည်းခြင်း အချိန်မပေးနိုင်ခြင်း ၊<br>လူငယ်များကျောင်း စာသာအဓိကလုပ် နေရ၊ဖုန်းအသုံးပြုမှုများ၊<br>ညီညွတ်မှု အားနည်းခြင်း၊<br>စီးပွားရေးအဆင် မပြေခြင်း၊အသိ ပညာ အားနည်းခြင်း။ | အကာရံများစနစ်တကျဖြစ်အောင် ဆောင်ရွက်ခြင်း၊ ညီညီညွတ် ပြုပြင်ရခြင်း၊<br>ရန်ပုံငွေထူထောင်ရခြင်း၊ပစ္စည်းများ စနစ်တကျအသုံးပြုရခြင်း၊<br>ရန်ပုံငွေရှာခြင်း၊<br>ဦးဆောင်မည့်သူရှာရမည်။ညီညီညွတ်ညွတ် ဆောင်ရွက်ရမည်၊<br>ရောင်းချသူများကို အသိပညာ ပေးများဟောပြော ပေးရခြင်း၊အလုပ် အကိုင်များဖန်တီးပေး ရခြင်း။ | ကောင်းမွန်သည့် ကစားကွင်းဖြစ်အောင်ဝိုင်းဝန်းပြုလုပ်ရမည်၊အားကစားဝန်ကြီးများ နှင့် ချိတ်ဆက်ရခြင်း၊<br>အားကစား ပစ္စည်းများလုံလောက်အောင်ဝိုင်းဝန်း ဆောင်ရွက်မည်၊<br>ပညာဗဟုသုတတိုးပွားသည့် လူငယ်များဖြစ်အောင်ဆောင် ရွက်မည်၊<br>လူငယ်ဖွံ့ဖြိုးရေးအဖွဲ့အစည်း များစနစ်တကျဖွဲ့စည်း ဆောင်ရွက်ရမည်၊<br>လူငယ်များအတွက် အသိပညာ ဟောပြောရမည်၊<br>တိုတက်သောကျေးရွာဖြစ် အောင်တည်ဆောက်မည်။ |
| ၄ | **ပညာရေး** | | | | | |
| ၁ | ကျောင်းအဆောက် | ကျောင်းသားဦးရေ | ပညာရေးဌာနများ | ပြုပြင်ထိန်းသိမ်းမှု | ကျေးလက်ဦးစီးဌာန | ဘက်စုံကောင်းသည့်ကျောင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | အဦးမလုံလောက်ခြင်း၊ | တိုးလာခြင်း၊ပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်း၊ | နှင့်ချိတ်နိုင်ခြင်း၊ ပညာရေးဌာနများနှင့်ချိတ်ဆက်၍ လိုအပ်ချက်များ တင်ပြတောင်းဆို နိုင်ခြင်း၊ | အားနည်းခြင်း၊ အကူအညီများ နည်းပါးခြင်း၊ | နှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်မိဘ ဆရာအသင်းတို့ ပူးပေါင်း၍ ဆောင်ရွက်ရန်စီစဉ် ပေးခြင်း၊ | အဖြစ်ဖန်တီးတည်ဆောက်ခြင်း၊ကစားကွင်းနေရာများ စီမံထားရှိရခြင်း၊ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေးဖန်တီးခြင်း၊သီချင်းဆို ပြိုင်ပွဲ၊ပန်းချီပြိုင်ပွဲ စသည့် ပြိုင်ပွဲများကျင်းပပေးခြင်း၊ |
| ၅ | **လမ်း၊တံတား၊လျှပ်စစ်** | | | | | |
| ၁ | ရွာချင်းဆက်လမ်း မကောင်းခြင်း၊ ရွာတွင်းလမ်း မကောင်းခြင်း | ကားကြီးများသွားလာမှုများခြင်း၊ မြေသားလမ်းဖြစ်ခြင်း၊ မြောင်းများစနစ်တကျ မတူးခြင်း၊ | လမ်း၊တံတားဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း၊သဲဖို့ခြင်း၊ မြောင်းများ ကောင်းမွန်အောင် ပြုလုပ်ခြင်း | လမ်းဘေးမြောင်းများမကောင်းခြင်း၊ ပြုပြင်မှုအားနည်းခြင်း၊မြောင်းများ သပ်ရပ်မှုမရှိခြင်း၊ | ဝိုင်းဝန်းထိန်းသိမ်းခြင်း၊မြောင်းများ ကောင်းမွန်အောင် ပြုလုပ်ခြင်း၊ | လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း၊လမ်းတံတားများပြုပြင်ခြင်း၊ |
| ၆ | **မွေးမြူရေး** | | | | | |
| ၁ | မွေးမြူရေးနည်းပညာအားနည်းခြင်း၊ ရောဂါကျခြင်း | နည်းပညာဝန်ဆောင်မှု အားနည်းခြင်း၊ ကာကွယ်ဆေးပုံမှန် မထိုးခြင်း၊ | နည်းပညာဟော ပြောမှုရရှိနိုင်ခြင်း၊ မွေးမြူရေးလုပ်နိုင်ရန် နေရာများရှိခြင်း၊ | စနစ်တကျ မမွေးမြူကြခြင်း၊နည်းပညာ အားနည်းခြင်း | တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေး အတွက် အလေးထားစိတ်ရှိအောင်ဆောင် | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိအောင် ဆောင်ရွက်ခြင်း၊ရောဂါကာကွယ်ဆေးထိုးရေး အစီအစဉ် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ခြံသန့်ရှင်းရေးအားနည်းခြင်း | ကာကွယ်ဆေးများ ပုံမှန်ထိုးနိုင်အောင် ဆောင်ရွက်မှုရနိုင်ခြင်း၊ | ရောဂါကာကွယ်ရန် အသိပညာအားနည်းခြင်း | ရွက်ခြင်း၊မွေးကုဦးစီးဌာနနှင့်ချိတ်ဆက်၍ ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ခြင်း၊ | ဆောင်ရွက်ခြင်း၊ခေတ်မှီမွေးမြူရေးစနစ်များလက်တွေ့ ဆောင်ရွက်နိုင်ခြင်း၊ |
| ၇ | **အခြားလုပ်ငန်း(စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော)** | | | | | |
| ၁ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း | ဒေသတွင်းစက်ရုံ အလုပ်ရုံအားနည်းခြင်း ၊အခြေခံပညာ အားနည်းခြင်း၊ အတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြင်း၊ | လမ်းပန်းဆက်သွယ်ရေးကောင်းလာခြင်း၊ ပွင့်လင်းမြင်သာမှု ရှိလာခြင်း | ညီညွတ်မှုအား နည်းခြင်း၊အလုပ် အကိုင်အခွင့် အလမ်းပေးနိုင်မှု အားနည်းခြင်း၊ | မြို့နယ်မှတဆင့် အထက်သို့ အလုပ် အကိုင်အခွင့်အလမ်း များရရှိအောင် တင်ပြ တောင်းဆိုခြင်း၊ | အလုပ်အကိုင်အခွင့်အလမ်း များ ဖော်ထုတ်နိုင်ရန် မူဝါဒ ဆိုင်ရာပံ့ပိုးမှုတင်ပြတောင်းဆို ခြင်း၊အခြားအရပ်ဒေသများသို့ အလုပ်လုပ်ကိုင်နိုင်ရေး အတွက် တင်ပြတောင်းဆို ခြင်း၊ |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက ကွင်းကြီးကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊